# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက် | ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၅)၊ အမှတ်(၁၀၅)


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) ကျင်းပပြုလုပ်စဉ် အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားအုပ်စုက အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်

## နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ပြည်သူလူထု၏ လိုက်ပါဆောင်ရွက်မှုတို့ဖြင့် ရွေးကောက်ပွဲအပိုင်း(၂) အောင်မြင်စွာကျင်းပပြီးစီး

နေပြည်တော် ဇန်နဝါရီ ၁၂

နိုင်ငံတော်အစိုးရအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကိုတည်ဆောက်၍နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပါတီစုံဒီမိုကရေစီစနစ် ဖော်ဆောင်နိုင်ရေးအတွက် အဓိကကျသည့် လုပ်ငန်းစဉ်ဖြစ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ပြည်သူလူထု၏ လိုက်ပါဆောင်ရွက်မှုတို့ဖြင့် အပိုင်းလိုက် ကျင်းပဆောင်ရွက်ပေးလျက်ရှိရာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၂) ကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

### နှောင့်ယှက်တိုက်ခိုက်

ထိုသို့ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကျင်းပသည့် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်ယှက်ဖျက်ဆီးလိုသူများ၊ အစိုးရနှင့် ပြည်သူတို့၏ လက်တွဲညီစွာ ကြိုးပမ်းဆောင်ရွက်မှုများကို မလိုလားဘဲ ပြည်သူလူထု၏ လူမှုစီးပွားဘဝကို ပျက်စီးစေပြီး ရွေးကောက်ပွဲအထမမြောက်စေလိုသူ အကြမ်းဖက်သမားများက အေးချမ်းစွာ ဆန္ဒမဲပေးမှုများ ဆောင်ရွက်နေကြသည့် မဲဆန္ဒရှင်ပြည်သူများ အထိတ်တလန့်ဖြစ်စေရေးအတွက် နှောင့်ယှက်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့ကြသည်။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၂) ကျင်းပသည့် ဇန်နဝါရီ ၁၁ ရက်တွင်

*စာမျက်နှာ ၄ ကော်လံ ၁* ❑



စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်၌ ဇန်နဝါရီ ၁၁ ရက်က မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲများပေးခဲ့ကြစဉ်။

## ပြည်ပထွက်ခွာခွင့်နှင့်ပတ်သက်၍ အသိပေးကြေညာချက်

၁။ PJ နိုင်ငံကူးလက်မှတ်ဖြင့် ပြည်ပသို့ ထွက်ခွာမည့် မိမိအစီအစဉ် ကျွမ်းကျင်မြန်မာလုပ်သားများအား အသိပေးခြင်းကြေညာချက်ကို ၂၈-၃-၂၀၂၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်လည်းကောင်း၊ အေဂျင်စီအစီအစဉ်ဖြင့်ဖြစ်စေ၊ မိမိအစီအစဉ်ဖြင့်ဖြစ်စေ နိုင်ငံအလိုက် စေလွှတ်ရေးလုပ်ငန်းစဉ် SOP များကို ၂၂-၃-၂၀၂၅ ရက်နေ့မှ ၂၈-၃-၂၀၂၅ ရက်နေ့အထိ နိုင်ငံပိုင်သတင်းစာများတွင်လည်းကောင်း၊ ဝန်ကြီးဌာန၏ Facebook Page၊ Safe Migration Facebook Page နှင့် Safe Migration Telegram Channel တို့တွင်လည်းကောင်း အများပြည်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်ရေး အသိပေးကြေညာချက်တွင် ပြည်ပထွက်ခွာခွင့်နှင့်ပတ်သက်၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ အနည်းဆုံး ရုံးပိတ်ရက် (မပါ) ၅ ရက် ကြိုတင်၍ လျှောက်ထားရမည်ဖြစ်ကြောင်း ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

၂။ ၎င်းကြေညာချက်နှင့်အညီ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အေဂျင်စီ အစီအစဉ်ဖြင့်ဖြစ်စေ၊ မိမိအစီအစဉ်ဖြင့် ကျွမ်းကျင်/ ခွင့်ပြန်ဖြင့်ဖြစ်စေ OWIC ပြုလုပ်ခွင့်များနှင့် ပြည်ပထွက်ခွာခွင့်များကို စိစစ်ခွင့်ပြုပေးလျက်ရှိပါသည်။

၃။ သို့ရာတွင် အပြည်ပြည်ဆိုင်ရာလေဆိပ်များမှ ပေးပို့လာသည့် စာရင်းများအရ မိမိအစီအစဉ်ဖြင့် ခွင့်ပြန် OWIC လက်ဝယ်ရှိပြီးသူများသည် အပိုဒ် ၁ ပါအချက်များကို လိုက်နာခြင်းမရှိသည့်အပြင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်းမရှိဘဲ ပြည်ပသို့ ထွက်ခွာနေကြောင်း စိစစ်တွေ့ရှိရပါသည်။

၄။ ပြည်ပထွက်ခွာခွင့်များနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဝန်ကြီးဌာန၏ Website ဖြစ်သည့် www.mol.gov.mm၊ Safe Migration Facebook Page နှင့် Safe Migration Telegram Channel တို့တွင် ကြေညာထားရှိပြီးဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ OWIC လက်ဝယ်ကိုင်ဆောင်ထားသူများအနေဖြင့် ပြည်ပနိုင်ငံများသို့ ထွက်ခွာမည်ဆိုပါက ၁၄-၁-၂၀၂၆ ရက်နေ့မှ စတင်၍ သတ်မှတ်စည်းကမ်းများနှင့်အညီ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ခွင့်ပြုချက်ရယူပြီးမှသာ ပြည်ပသို့ပြန်လည်ထွက်ခွာရန် လိုအပ်ကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

## ဘောဂဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် အထောက်အကူပြုစေရန် ဘောဂဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၆)၊ (၁၇) နှင့် (၁၈) တို့တွင် ဖော်ပြထားပါသည်။

**ယနေ့ သတင်းအညွှန်း**

**BBC သတင်းဌာနနှင့် ဂမ်ဘီယာရှေ့နေအဖွဲ့မှ ဦးဆောင်ရှေ့နေ Arsalan Suleman တို့၏ အင်တာဗျူးအား တုံ့ပြန်ချက်**

ဆောင်းပါး | စာ ၆

# ကောက္ကွက် ဟက်တာကွက်အလိုက် စက်ဖြင့် တစ်ချိန်တည်း တစ်ပြိုင်တည်းဆွတ်ခူးသိမ်းဆည်းရန် ဝါသီးနှံမျိုးနှင့်စိုက်စနစ်နည်းပညာများ စမ်းသပ်

**နေပြည်တော် ဇန်နဝါရီ ၁၂**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ပျဉ်းမနားရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းဝင်းအတွင်း မျိုးယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးထားသည့် ချည်မျှင်ရှည်ဝါစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက စမ်းသပ်စိုက်ပျိုးထားသည့် KTK–1၊ ငွေချည်–၁၁၊ RAKA–666၊ ရွှေတောင်–၈၊ B–31 မျိုးများ ယှဉ်ပြိုင်စိုက်ပျိုးထားမှုအပေါ် ဆောင်ရွက်ရသည့်ရည်ရွယ်ချက်များ၊ အပင်သက်တမ်းအလိုက် အပင်ကြီးထွားမှုရပ်တန့်ဆေး၊ သီးပွင့်ဆေးနှင့် ရွက်ချဆေးသုံးစွဲခဲ့မှု၊ ဝါသီးပွင့်မှုနှင့် ဝါဂွမ်း ခန့်မှန်းအထွက်နှုန်းတို့ကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ အပင်ပြုစုစောင့်ရှောက်ရမှုနှင့် သွင်းအားစုစရိတ်သည် တောင်သူတွက်ခြေကိုက်သည့် အထွက်နှုန်းရလဒ်များရှိရန်လိုကြောင်း၊ ယခုနည်းပညာအရ သတ်မှတ်ကာလအတွင်း ဝါများအား တစ်ပြိုင်နက်တည်း စွမ်းအားပြည့် ဆွတ်ခူးသိမ်းဆည်းနိုင်မည်ဖြစ်၍ နောက်သီးနှံကို ရာသီချိန်မီ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ ရေရှည်တွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲအသုံးပြုရာ၌ ဝါသီးနှံကို ကောက္ကွက် ဟက်တာကွက်အလိုက် စက်ဖြင့် တစ်ချိန်တည်း တစ်ပြိုင်တည်း ဆွတ်ခူး သိမ်းဆည်းရန် လိုအပ်လာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ နည်းပညာအရ သေချာမှုရှိစေရန် ပညာရှင်များအပိုင်းက ထပ်မံစမ်းသပ်ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ယခင်က ချည်မျှင်ရှည်ဝါစိုက်ပျိုးရာတွင် ပင်ခြားနှစ်ပေခွဲ၊ တန်းကြား သုံးပေဖြင့် စိုက်ပျိုးခဲ့ကြခြင်းဖြစ်ပြီး ယခုစမ်းသပ်စိုက်ပျိုးမှုတွင် ပင်ခြား ခြောက်လက်မ၊ တန်းကြား နှစ်ပေဖြင့် စိုက်ပျိုးထားခြင်းကြောင့် တစ်ဧကဝင်ဆံ့သည့်အပင်ဦးရေ တိုးတက်စိုက်ပျိုးနိုင်ခြင်း၊ အပင်အရပ်ကိုထိန်းချုပ်၍ အသီးအပွင့်တစ်ပြိုင်တည်း သီးပွင့်စေခြင်းကြောင့် စက်ကိရိယာဖြင့် ဆွတ်ခူးသိမ်းဆည်းနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်၍ ယခုနည်းပညာကို ပြည်တွင်း ချည်မျှင်ရှည်ဝါမျိုးနှင့် ပြည်ပ ချည်မျှင်ရှည်ဝါစပ်မျိုးများအပေါ် သက်ရောက်မှုကို စိုက်ပျိုးရေးဦးစီးဌာန၊



ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲ ပညာရှင်များက စမ်းသပ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၆ ခုနှစ် တောင်သူလယ်သမားနေ့အထိမ်းအမှတ် စိုက်ပျိုးသီးနှံမျိုးစေ့ပြပွဲကျင်းပမည့် စိုက်ကွင်းများနှင့် သီးနှံခင်းများ မြေပြင်၌ ကြိုတင်စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဝါကြိတ်စက်ရုံ(ရမည်းသင်း) စက်ရုံလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၁၂**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ ဝါကြိတ်စက်ရုံ (ရမည်းသင်း) သို့ရောက်ရှိရာ စက်ရုံမှူးက စက်ရုံဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းလည်ပတ် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ဝါစိုက်တောင်သူများ အနေဖြင့် ထွက်ရှိသည့်ဝါများကို ကုန်ကြမ်းအဖြစ် တိုက်ရိုက်ရောင်းချခြင်းထက် တစ်နိုင်တစ်ပိုင် ကြိတ်ခွဲထုတ်လုပ်ခြင်းဖြင့် ဝင်ငွေပိုမိုတိုးတက်ရရှိနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက် ပေးကြရမည်ဖြစ်ကြောင်း၊ တောင်သူတစ်ဦးချင်း တစ်ပိုင်တစ်နိုင်ဆောင်ရွက်ရာမှ MSME များ ဖွံ့ဖြိုးတိုးတက်လာပြီး ဒေသတွင်း ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမည်ဖြစ်၍ လုပ်ငန်းတာဝန်များကို အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝါမှသည် ဝါဂွမ်း၊ ချည်၊ ပိတ်၊ အဝတ်အထည်ထုတ်လုပ်သည့်လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်လျှင် ပြည်တွင်းအဝတ်အထည်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ကျရာကဏ္ဍမှ ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စက်ရုံရှိ ဝါကြိတ်စက်များအားလုံး စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် လိုအပ်သော စက်အရန်ပစ္စည်းများကို ကြိုတင်ဖြည့်ဆည်းထားရမည်ဖြစ်ကြောင်း၊ လျှပ်စစ်မီး မရရှိသည့်ဒေသများတွင် Solar PV System ဖြင့် ဝါကြိတ်စက်များ၊ ဆီစက်များ လည်ပတ်ကြိတ်ခွဲနိုင်ကြောင်းနှင့် စက်တပ်ဆင်နည်းစနစ်များကို ပြည်သူများသိရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားပြီး ကြိတ်လုံး နှစ်လုံးတပ် ဝါကြိတ်စက်အား နေရောင်ခြည်စွမ်းအင်ဖြင့် လည်ပတ်ကြိတ်ခွဲနေမှု၊ ကြိတ်လုံး နှစ်လုံးတပ် ဝါကြိတ်စက်အား ပြုပြင်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်စောဝင်း အာရှငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**ရန်ကုန် ဇန်နဝါရီ ၁၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်စောဝင်းသည် အာရှငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးကောင်စီ (Asian Peace and Reconciliation Council – APRC) ဥက္ကဋ္ဌ H.E. Prof. Dr. Surakiart Sathirathai နှင့် အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ သံတမန်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အာရှငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးကောင်စီဥက္ကဋ္ဌက မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)နှင့် အပိုင်း(၂)ကို လွတ်လပ်တရားမျှတစွာ အောင်မြင်အောင် ကျင်းပနိုင်ခဲ့ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲကျင်းပမှုအပေါ် ထောက်ခံပါကြောင်း၊ ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲ အပိုင်း(၃) ကျင်းပရာတွင်လည်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးလေ့လာကြည့်ရှုစေပြီး ရွေးကောက်ပွဲဆိုင်ရာ တွေ့ရှိချက်၊ သုံးသပ်အကြံပြုချက်များကိုလည်း တင်ပြပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားပြီး ၂၀၂၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၈–၁၂–၂၀၂၅ ရက်တွင်လည်းကောင်း၊ ရွေးကောက်ပွဲ အပိုင်း(၂)ကို ၁၁–၁–၂၀၂၆ ရက်တွင်လည်းကောင်း ဥပဒေနှင့်အညီ ပွင့်လင်းမြင်သာမှုရှိစွာ လွတ်လပ်မျှတစွာ ကျင်းပနိုင်ခဲ့သည့် အခြေအနေများ၊ နိုင်ငံတကာနှင့် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များကို ဖိတ်ခေါ်၍ စောင့်ကြည့် လေ့လာခွင့်ပြုခဲ့သည့်အခြေအနေများ၊ ပြည်တွင်း/ပြည်ပသတင်းမီဒီယာများကို ပွင့်လင်းမြင်သာစွာ သတင်းရယူနိုင်ရေး ဆောင်ရွက်ပေးခဲ့မှုအခြေအနေများ၊ ကျင်းပပြီးသည့် အပိုင်းလိုက် ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်ပြည်သူများ၏ မဲပေးမှုအခြေအနေများ၊ မဲပေးရာတွင် မြန်မာအီလက်



ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine) အသုံးပြုခဲ့မှုအခြေအနေများ၊ ပြည်တွင်း/ပြည်ပ ကြိုတင်မဲပေးမှုအခြေအနေများ၊ ပြောင်းလဲကျင့်သုံးသည့် ရွေးကောက်ပွဲစနစ်ဆိုင်ရာအကြောင်းအရာများ၊ ဆက်လက်ပြီး ရွေးကောက်ပွဲ အပိုင်း(၃) ကို အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး APRC ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲ အပိုင်း(၃)ကို လာရောက်လေ့လာရန် ဖိတ်ကြားခဲ့သည်။

ယင်းနောက် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အပိုင်း(၃)ကို အောင်မြင်စွာ ဆက်လက်ကျင်းပနိုင်ရေး၊ APRC နှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၂**

ဇန်နဝါရီ ၁၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။ ဇန်နဝါရီ ၁၃ ရက်တွင် နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

# စစ်တွေမြို့၌ တိုင်းရင်းသားလူငယ်များအတွက် အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်ပွဲနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**စစ်တွေ ဇန်နဝါရီ ၁၂**

တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် တိုင်းရင်းသားလူငယ်များအတွက် အဆင့်မြင့် စက်ချုပ်သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများ၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး အဆင့်မြင့်စက်ချုပ်သင်တန်းအတွက် ချီးမြှင့်ငွေနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်ကာ သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။(ယာပုံ)

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေမြို့တည်နှစ်(၂၀၀)ပြည့် အထိမ်းအမှတ်နာရီစင်တွင် အများပြည်သူများ လာရောက်ကြည့်ရှုလေ့လာနိုင်ရန် စစ်တွေမြို့၏ ရှေးဟောင်းဘုရားစေတီများ၊ အထင်ကရနေရာများ ပြသထားရှိမှုနှင့် ကျောင်းသားကျောင်းသူများ၊ သင်တန်းသားသင်တန်းသူများ လာရောက်လေ့လာနေမှုကို ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ပညာရေးမှူးက တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက် မြင့်မားရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး တက်ရောက်ကြသည့် မြို့နယ်ပညာရေးမှူးများက တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း၊ အခြေခံပညာအထက်တန်းကျောင်းနှင့် အထက်တန်းကျောင်း(ခွဲ)များမှ ဆရာ ဆရာမများက မိမိတို့ကျောင်းအလိုက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် သင်ကြားပို့ချပေးနေမှုများကိုလည်းကောင်း၊ စစ်တွေ



တက္ကသိုလ်မှ ပါမောက္ခ၊ ဌာနမှူးများက တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရာတွင်ကျောင်းသား ကျောင်းသူများ လိုက်နာရမည့်အချက်များ၊ သင်ကြားပို့ချပေးမည့် အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ဆွေးနွေးကာ နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**တင်ထွန်း**

**(ပြန်/ဆက်)**

---

❑ ***ရှေ့ဖုံးမှ***

ဆန္ဒမဲပေးနေကြသည့် မဲဆန္ဒရှင်ပြည်သူများ သေဆုံး၊ ဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေပြီး ရွေးကောက်ပွဲ အထမမြောက်စေရန် ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားအုပ်စုသည် ကယားပြည်နယ် ဖရူဆိုမြို့အတွင်းသို့ Drone များ အသုံးပြု၍ Drop Bomb ချတိုက်ခိုက်ခြင်း၊ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ကမ်းကြီးအုပ်စု တောင်သုံးလုံးကျေးရွာ၏ ကျေးရွာအုပ်ချုပ်ရေးမှူး နေအိမ်အား မီးရှို့ ဖျက်ဆီးခြင်း၊ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့၊ ဆိပ်ဖြူမြို့၊ စလင်းမြို့နှင့် ကံမမြို့များ အတွင်းသို့ Fixed Wing များ၊ ရှော့တိုက်ဒုံးများ၊ Drop Bomb များ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ ဘုတလင်မြို့နှင့် မြင်းမူမြို့များအတွင်းသို့ လက်လုပ်ရှော့တိုက်ဒုံးများ၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့အတွင်းသို့ Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့ကြသဖြင့် သစ္စာရှိ နိုင်ငံ့ဝန်ထမ်း နှစ်ဦး သေဆုံးခဲ့ပြီး ဝန်ထမ်း နှစ်ဦးနှင့် အပြစ်မဲ့ အရပ်သားပြည်သူ တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုများအနေဖြင့် ပြည်သူလူထုက လိုလားတောင့်တနေသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဦးတည်သည့် လမ်းကြောင်းဖြစ်သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်မှုမရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုမရှိစေရေး၊ အစိုးရနှင့် ပြည်သူလက်တွဲ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုတို့တွင် နှောင့်နှေးစေရေးနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ထိခိုက်ပျက်စီးစေရန်အတွက် ရွေးကောက်ပွဲအကြိုကာလများမှစတင်၍ အသံမိုင်းများ၊ လက်လုပ်မိုင်းများနှင့် Drop Bomb များဖြင့် ဖောက်ခွဲတိုက်ခိုက်ခြင်း၊ ခြိမ်းခြောက်စာများပေးပို့ခြင်း၊ ပြည်ဖျက်ပြည်ပြေးမီဒီယာများမှတစ်ဆင့် မမှန်မကန်ဝါဒဖြန့်လုပ်ကြံရေးသားဖြန့်ဝေခြင်း စသည်ဖြင့် နည်းမျိုးစုံဖြင့် အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသော်လည်း ပြည်သူလူထုဘဝတည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို အစိုးရနှင့်ပြည်သူ လက်တွဲ၍ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

လက်ရှိတွင်လည်း ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၁)နှင့် အပိုင်း(၂)ကို နှောင့်ယှက်ဖျက်ဆီးမှုများအကြားမှ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီဖြစ်ပြီး သိမ်မွေ့သောနည်းလမ်းဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်လျှောက်လှမ်းနိုင်ရေး



အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုက ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့ Drone တစ်စင်းဖြင့် Drop Bomb ချတိုက်ခိုက်စဉ် ပျက်စီးမှုအား တွေ့ရစဉ်။

အတွက် ဒီမိုကရေစီစနစ်ကို ထောက်ခံကြိုဆိုကြသည့် နိုင်ငံတော်အေးချမ်းသာယာမှုနှင့် ပြည်သူလူထု၏ လူမှုဘဝတိုးတက်မြင့်မားမှုကို လိုလားကြသည့် တာဝန်သိပြည်သူများအနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အောင်မြင်စွာကျင်းပနိုင်ရေးအတွက်လည်း သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများ၊ သံသယဖြစ်ဖွယ်ရာများကိုတွေ့ရှိပါက သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်သတင်းပေးပို့နိုင်ပါရန် တိုက်တွန်းသတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**



အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စုက မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့အနီးဝန်းကျင်သို့ ရှော့တိုက်ဒုံး သုံးလုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့စဉ် ကျရောက်ပေါက်ကွဲသည့်နေရာနှင့် လက်လုပ်ဒုံး အပိုင်းအစအား တွေ့ရစဉ်။



အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စုက မကွေးတိုင်းဒေသကြီး စလင်းမြို့အနီးဝန်းကျင်သို့ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် လက်လုပ် Fixed Wing Drone တစ်စင်းအား တွေ့ရစဉ်။



အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုက စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့အနီးဝန်းကျင်သို့ Drone တစ်စင်းဖြင့် Drop Bomb ချတိုက်ခိုက်ရန်ချဉ်းကပ်လာစဉ် ပျက်ကျခဲ့သည့် Drone အား တွေ့ရစဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်မှ လူငယ်ကိုယ်စားလှယ်အဖွဲ့များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို



**နေပြည်တော် ဇန်နဝါရီ ၁၂**

လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ တက်ရောက်ရန် နေပြည်တော်၌ ရောက်ရှိနေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်ကိုယ်စားလှယ်အဖွဲ့များ၊ အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများသည် ယနေ့ညနေပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်၌ တည်ထားပူဇော်ထားသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုကြသည်။

ဦးစွာ လူငယ်ကိုယ်စားလှယ်အဖွဲ့များ၊ အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းကပ်လှူပူဇော်၍ ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း ကြည့်ရှုလေ့လာကာ သဒ္ဓါဓိပတိခေါင်းလောင်းတော်ထိုး၍ ကုသိုလ်ပြုကြသည်။

ထို့နောက် လူငယ်ကိုယ်စားလှယ်အဖွဲ့များက ရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

**စိတ်ဝင်တစား ဖူးမြော်ကြည်ညို**

ယင်းနောက် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း အံ့မခန်းဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသော အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရံစေတီတော်များနှင့် အခြားသာသနိက အဆောက်အအုံများကို စိတ်ဝင်တစား လေ့လာဖူးမြော်ကြည်ညိုကြကြောင်း သိရသည်။

**သတင်းစဉ်**

## လူငယ့်အားမာန် Youth Peace Forum

- မြန်မာ့ရင်သဲ ရွေးကောက်ပွဲဖြင့်
  တွဲလက်ညီညာ တက်လှမ်းရာသည်
  သာစွမြန်မာ... ပြည်မြန်မာသို့။
- မြန်မာအားအင် သွင်ပြင်စည်းလုံး
  နှလုံးညီစွာ အုတ်မြစ်မှာဖြင့်
  ဖော်ကာဆောင်ထား စွမ်းပကားသည်
  NSPNC ... ကြိုးစားချီစို့။
- နိုင်ငံကြီးကဲ တွဲလက်ညီညာ
  အလှာစုံဖော် ခေါ်ယူလမ်းပြ
  ကြိုးစားကြလျက် မုချရမည်... ငြိမ်းချမ်းပြည်။
- လူငယ်အများ စိတ်ဝင်စားလျက် နိုးကြားပါဝင်
  အားအင်တောက်ပ လမ်းပြကူဘိ
  အသိပညာ ခိုင်မာစိတ်ထား
  စွမ်းပကားတိုး ဖွံ့ဖြိုးမြန်မာ
  တို့ပြည်ရွာမှ အနာဂတ်ရဲ့
  လူငယ့်အသံ...“Youth Peace Forum” ။ ။

စောငွေးမြင့်

(လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ ကို ဂုဏ်ပြုပါ၏။)

**စည်းလုံးချစ်ကြည် မြဲခိုင်ကျည် ပေါင်းစုညီညာ ပြည်သာယာ**



## သီဟိုဠ်ရှင်မြတ်စွာဘုရားစေတီတော်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်

**ပခုက္ကူ ဇန်နဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ ရှေးဟောင်းသမိုင်းဝင် သီဟိုဠ်ရှင်မြတ်စွာဘုရားစေတီတော်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်နိုင်ရေးလုပ်ငန်းများကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၈ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၈၃ ရာခိုင်နှုန်းပြီးစီးနေပြီ ဖြစ်ကြောင်း ဘုရားကြီး၏ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ထံမှ သိရသည်။

ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းလုပ်ငန်းများကို အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ပြီးစီးရေး လျာထားဆောင်ရွက်လျက်ရှိပြီး ဇန်နဝါရီ ၄ ရက်တွင် ပခုက္ကူမြို့ရှိ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်၊ တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဝင်ဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယကအဖွဲ့ဝင် ဆရာတော်ကြီးများဦးဆောင်မှုဖြင့် ခရိုင်/ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်သာသနာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ စုပေါင်း၍ နတ်ပန်းရထားဖြင့် ကပ်လှူပူဇော်ခဲ့ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ခွဲစိတ်ခန်းကွဲ၊ အာခေါင်ကွဲလူနာများအား ခွဲစိတ်ကုသပေးခြင်း၊ သက်ကြီးဘိုးဘွားများအား သွားတု(အံကပ်)တပ်ဆင်ပေးခြင်းနှင့် သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**လားရှိုး ဇန်နဝါရီ ၁၂**

ကျန်းမာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကုသရေးဦးစီးဌာန သွားကျန်းမာရေးဌာနခွဲမှ ညွှန်ကြားရေးမှူး/ ပါမောက္ခ ဒေါက်တာခင်မောင် ဦးဆောင်သည့် နယ်လှည့်အထူးကုဆရာဝန်အဖွဲ့နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကုသရေးဦးစီးဌာနတို့ ပူးပေါင်း၍ “ဝ” အထူးဒေသ၊ ပန်ဆန်းမြို့(ပန်ခမ်းမြို့) တွင် ဇန်နဝါရီ ၁၀ ရက်မှစ၍ နှုတ်ခမ်းကွဲ/အာခေါင်ကွဲ လူနာများအား ခွဲစိတ်ကုသပေးခြင်း၊ သက်ကြီးဘိုးဘွားများအား သွားတု(အံကပ်) တပ်ဆင်ပေးခြင်းနှင့် သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ နယ်လှည့်အထူးကုဆရာဝန်အဖွဲ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) ပန်ဆန်းမြို့နယ် ကုသရေးဦးစီးဌာနသို့ ကြိုတင်စာရင်းပေးသွင်းထားသော နှုတ်ခမ်းကွဲ/အာခေါင်ကွဲ လူနာ ၅၀ ကို လိုအပ်သော ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးခြင်း၊ သက်ကြီးဘိုးဘွား ၄၉ ဦးအား သွားတု (အံကပ်) တပ်ဆင်ပေးခြင်းနှင့် သက်ကြီးဘိုးဘွားနှင့် ဒေသခံပြည်သူ ၁၅၀ အား သွားနှင့်ခံတွင်း ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၁၀ ရက်မှ ၁၃ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ဆက်လက်၍ နယ်လှည့် အထူးကုဆရာဝန် အဖွဲ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် နှုတ်ခမ်းကွဲ/ အာခေါင်ကွဲလူနာများအား ခွဲစိတ်ကုသပေးခြင်း၊ သက်ကြီးဘိုးဘွားများအား သွားတု (အံကပ်) တပ်ဆင်ပေးခြင်းနှင့် သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း လုပ်ငန်းများကို ဇန်နဝါရီ ၁၅ ရက်မှ စတင်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# BBC သတင်းဌာနနှင့် ဂမ်ဘီယာရှေ့နေအဖွဲ့မှ ဦးဆောင်ရှေ့နေ Arsalan Suleman တို့၏ အင်တာဗျူးအား တုံ့ပြန်ချက်

မင်းခန့်

နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့မှာရှိတဲ့ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) မှာ ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံကို Genocide Convention ဖောက်ဖျက်တယ်လို့ စွပ်စွဲပြီး တရားစွဲဆိုထားတာရှိပါတယ်။ ဒီအမှုဟာ အခုဆိုရင် အပြီးသတ်ကြားနာပွဲအဆင့်ကို ရောက်ရှိလာပြီဖြစ်ပါတယ်။ ဒီကာလအတွင်း ဇန်နဝါရီလ ၁၀ ရက်နေ့က BBC သတင်းဌာနဟာ ဂမ်ဘီယာဘက်က ဦးဆောင်ရှေ့နေ Mr. Arsalan Suleman နဲ့ အင်တာဗျူးတစ်ခုကို ပြုလုပ်ထုတ်လွှင့်ခဲ့ပါတယ်။ ဒီအင်တာဗျူးမှာ Mr. Suleman ပြောကြားခဲ့တဲ့ အချက်အလက်တွေကို အသေအချာဆန်းစစ်ကြည့်တဲ့အခါ သူတို့ရဲ့ ရည်ရွယ်ချက်အစစ်အမှန်၊ တရားစီရင်ရေးအပေါ် မီဒီယာလွှမ်းမိုးမှုရယူလိုတာတွေနဲ့ အခြေအမြစ်မရှိတဲ့ စွပ်စွဲချက်အချို့ကို တွေ့မြင်လာရပါတယ်။


BBC သတင်းဌာနမှ ဂမ်ဘီယာ ဦးဆောင်ရှေ့နေ Mr. Arsalan Suleman နှင့် အင်တာဗျူး ပြုလုပ်နေမှု။

◆ ဒါ့အပြင် တစ်ဖက်နိုင်ငံသို့ ရောက်ရှိနေတဲ့ ဘင်္ဂါလီများကိုလည်း ပြန်လည်စိစစ်လက်ခံဖို့အတွက် မြန်မာနိုင်ငံက အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါပေမယ့် သူတို့ပြန်မလာတာကတော့ မြန်မာနိုင်ငံရဲ့ ပျက်ကွက်မှုကြောင့်မဟုတ်ဘဲ၊ Third Party အဖွဲ့အစည်းတွေရဲ့ သွေးထိုးလှုံ့ဆော်မှုတွေ၊ ဟန့်တားမှုတွေနဲ့ သူတို့ကိုယ်တိုင်က ပြန်လာဖို့ရန် ဆန္ဒမရှိတဲ့အတွက် နိုင်ငံရေးအမြတ်ထုတ်လိုသူတွေနဲ့ ပေါင်းသင်းနေခြင်းကြောင့်သာ ဖြစ်ပါတယ်

Mr. Arsalan Suleman ရဲ့ အင်တာဗျူးကို နားထောင်ကြည့်မယ်ဆိုရင် အထူးခြားဆုံး သတိပြုမိတဲ့အချက်ကတော့ တရားမျှတမှု(Justice)နှင့် အခွင့်အရေး(Rights)ဆိုတာတွေထက် လျော်ကြေးငွေ(Compensation)နဲ့ ကုစားမှု(Remedies)ဆိုတဲ့ကိစ္စရပ်တွေကိုပဲ ပိုမိုဦးစားပေးပြောဆိုသွားတာ ဖြစ်ပါတယ်။ Mr. Suleman က ဒီအမှုရဲ့ နောက်ဆုံးအဆင့်မှာ တရားရုံးက မြန်မာနိုင်ငံကို Genocide ကျူးလွန်ကြောင်း ဆုံးဖြတ်မယ်ဆိုရင် နစ်နာသူတွေကို ဘယ်လိုကုစားဆောင်ရွက်ပေးရမယ်၊ လျော်ကြေးငွေဘယ်လောက်ပေးရမယ်ဆိုတဲ့ အမိန့်တွေ ချမှတ်နိုင်ဖို့ ရည်ရွယ်တယ်လို့ ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။

ဒါကိုကြည့်မယ်ဆိုရင် သူတို့ဟာ လူ့အခွင့်အရေးနဲ့ Genocide ခေါင်းစဉ်ကို ဗန်းပြနေပေမယ့်လည်း လက်တွေ့မှာတော့ ဘင်္ဂါလီတွေ မြန်မာနိုင်ငံမှာ အသိအမှတ်ပြုခံရရေးထက် မြန်မာနိုင်ငံထံမှ လျော်ကြေးငွေရယူလိုတဲ့ရည်ရွယ်ချက်က ပိုမိုထင်ရှားနေသယောင် ရှိနေပါတယ်။ ဥပဒေကြောင်းအရ အမှုမနိုင်သေးခင်၊ တရားရုံးက အပြီးသတ်စီရင်ချက်မချရသေးခင် အချိန်ကတည်းက လျော်ကြေးငွေကိစ္စကိုဖောင်းပေးပြောဆိုနေတာဟာ ဒီအမှုရဲ့ နောက်ကွယ်က သူတို့ရဲ့စေတနာမှန်ကို မေးခွန်းထုတ်စရာ ဖြစ်စေပါတယ်။ ရှင်းရှင်းလင်းလင်း ပြောရရင် ဂမ်ဘီယာနိုင်ငံအနေနဲ့ 'အကျိုးလိုလို့ ညောင်ရေသွန်း' ဆိုသလို ငွေကြေးအကျိုးအမြတ်တစ်စုံတစ်ရာကို မျှော်ကိုးပြီး ဒီအကွက်ကို ဖန်တီးနေတာ ဖြစ်ပါတယ်။

တရားစီရင်ရေးလုပ်ငန်းစဉ်တွေမှာ အမှုသည်နှစ်ဖက်စလုံးဟာ တရားရုံးရဲ့ လုပ်ထုံးလုပ်နည်းတွေကို လေးစားလိုက်နာဖို့ရာ တာဝန်ရှိပါတယ်။ လက်ရှိတရားရင်ဆိုင်မှုဖြစ်စဉ် တစ်လျှောက်လုံးမှာဆိုရင် မြန်မာနိုင်ငံဘက်က ကိုယ်စားလှယ်တွေဟာ ဥပဒေဘောင်အတွင်းက တိတိကျကျဖြေရှင်းဆောင်ရွက်နေပြီး မီဒီယာကိုအသုံးပြု ဝါဒဖြန့်ချိတာမျိုး လုံးဝမရှိခဲ့ပါဘူး။ မြန်မာနိုင်ငံဟာ ICJ Statute ကို လေးစားလိုက်နာတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် လုပ်ငန်းစဉ်တွေကို တိတ်ဆိတ်စွာ၊ သိက္ခာရှိစွာ ဆောင်ရွက်လျက်ရှိပါတယ်။

ဒါပေမယ့် ဂမ်ဘီယာနိုင်ငံဘက်မှ ရှေ့နေအဖွဲ့နဲ့ သူတို့ရဲ့နောက်ကွယ်က အထောက်အပံ့ပေးနေသူတွေဟာ နိုင်ငံတကာမီဒီယာတွေကို အလွန်အကျွံအသုံးချနေတာ တွေ့ရပါတယ်။ အမှုကြားနာပွဲ မစတင်မီ ရက်ပိုင်းအလိုမှာ ပြုလုပ်ထားတဲ့ အခု BBC အင်တာဗျူးဟာလည်း တရားရုံးရဲ့ ဆုံးဖြတ်ချက်ကို မီဒီယာကတစ်ဆင့် သွယ်ဝိုက်လွှမ်းမိုးဖို့နဲ့ နိုင်ငံတကာအမြင်ကို ပုံဖော်ဖို့ ကြိုတင်ပြင်ဆင်ထားတဲ့ မီဒီယာလှုပ်ရှားမှုတစ်ခုသာ ဖြစ်ပါတယ်။ သူတို့ဟာ ဥပဒေကြောင်းအရ အားနည်းချက်တွေကို မီဒီယာအင်အားနဲ့ ဖုံးဖိဖို့ရန် ကြိုးစားနေတာသာ ဖြစ်ပါတယ်။

ဒီအမှုအခုအချိန်ထိ သက်ဆိုးရှည်နေတဲ့ အကြောင်းရင်းကတော့ ဂမ်ဘီယာနိုင်ငံရဲ့ စွဲချက်များ ခိုင်လုံသောကြောင့် မဟုတ်ဘဲ၊ ICJ က တရားစီရင်ပိုင်ခွင့်ရှိတယ်လို့ ဆုံးဖြတ်ခဲ့တာကြောင့်သာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကနဦးကန့်ကွက်လွှာတွေကို တင်သွင်းခဲ့ရာမှာလည်း အရေးကြီးတဲ့ ဥပဒေကြောင်းဆိုင်ရာအချက်များကို ထောက်ပြခဲ့ဖူးပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံဘက်က တင်ပြခဲ့တာမှာ ဒီအမှု၏ အမှန်တကယ်တရားလို (Real Applicant) မှာ ဂမ်ဘီယာနိုင်ငံ မဟုတ်ဘဲ OIC (အစ္စလာမ္မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့)သာ ဖြစ်ကြောင်းနဲ့ ICJ Statute အရ နိုင်ငံများ(States)သာလျှင် တရားစွဲဆိုခွင့်ရှိပြီး အဖွဲ့အစည်းများက တရားစွဲဆိုခွင့်မရှိကြောင်း ထောက်ပြခဲ့ဖူးပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံဟာ Genocide Conven-tion ရဲ့ အပိုဒ် ၈ (Article VIII) ကို ခြွင်းချက် (Reservation) ပြုလုပ်ထားတဲ့အတွက် တရားရုံးသို့ တိုက်ရိုက်လွှဲပြောင်းတိုင်ကြားခွင့်မရှိကြောင်းကိုလည်း ခိုင်လုံစွာ တင်ပြခဲ့ပါတယ်။ ဒါပေမယ့် တရားရုံးက စီရင်ပိုင်ခွင့်ရှိတယ်လို့ ဆုံးဖြတ်ခဲ့တဲ့အတွက်ကြောင့်သာ ယခုလို ဆက်လက်တရားရင်ဆိုင်နေရတာ ဖြစ်ပါတယ်။ ဒီအချက်တွေကို ကြည့်မယ်ဆိုရင် ဂမ်ဘီယာရဲ့ မြန်မာနိုင်ငံအပေါ် စွပ်စွဲချက်တွေဟာ မှန်ကန်တယ်လို့ ဆိုလိုလို့ လုံးဝမရတာ အထင်အရှားပါ။

Mr. Suleman ကသူတို့ရဲ့ အထောက်အထားတွေ ခိုင်လုံကြောင်း ပြောဆိုရာမှာ ကုလသမဂ္ဂအချက်အလက် ရှာဖွေရေးမစ်ရှင်(FFM)တို့လို အဖွဲ့အစည်းတွေက အစီရင်ခံစာတွေကို အဓိကကိုးကားနေကြပါတယ်။ ဒါပေမယ့် ဒီအစီရင်ခံစာတွေဟာ မြေပြင်အခြေအနေမှန်ကို ထင်ဟပ်ခြင်းမရှိဘဲ တစ်ဖက်သတ်စွပ်စွဲချက်များသာ ဖြစ်ပါတယ်။ FFM ကဲ့သို့သော အစီရင်ခံစာတွေဟာ အများအားဖြင့် မြေပြင်ပကတိ အခြေအနေမှန်နဲ့ ကွဲလွဲတဲ့အချက်အလက်တွေ၊ အတည်မပြုနိုင်တဲ့ ကောလာဟလတွေအပေါ် အခြေခံထားပြီး၊ မြန်မာနိုင်ငံဘက်က ခိုင်မာတဲ့ အထောက်အထားတွေနဲ့ ပြန်လည်ချေပထားပြီး ဖြစ်ပါတယ်။

ဒါကြောင့် ဂမ်ဘီယာဘက်က ကိုးကားနေတယ်ဆိုတာဟာ နိုင်ငံရေးအရ ဘက်လိုက်မှုရှိပြီး ငွေကြေးအထောက်အပံ့ ရယူလှုပ်ရှားနေတဲ့ အဖွဲ့အစည်းတွေသာဖြစ်ကြပါတယ်။ သူတို့ရဲ့ အချက်အလက်တွေဟာ နိုင်ငံတကာ တရားရုံးတစ်ခုက ယုံကြည်လက်ခံနိုင်လောက်တဲ့ အဆင့်အတန်း ရှိ၊ မရှိ ဆိုတာဟာလည်း အလွန်သံသယဖြစ်ဖို့ ကောင်းလှပါတယ်။

**အင်တာဗျူးမှာ ဂမ်ဘီယာဘက်က ဖုံးကွယ်ထားတဲ့ အဓိကအချက်တစ်ချက်က ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ် ဖြစ်စဉ်တွေရဲ့ မူလဇာစ်မြစ်ဖြစ်ပါတယ်။ ဒီဖြစ်စဉ်တွေအရ မြန်မာနိုင်ငံက လူမျိုးတုံးသတ်ဖြတ်ရန်ရည်ရွယ်ချက်နဲ့ လုပ်ဆောင်ခဲ့တာမျိုး လုံးဝမဟုတ်တာကို တွေ့ရမှာပါ။ အမှန်တကယ်က အဲဒီအချိန်က ရခိုင်ပြည်နယ်မှာရှိတဲ့ ရဲကင်းစခန်းပေါင်းများစွာကို ARSA အကြမ်းဖက်အဖွဲ့က တစ်ပြိုင်နက်ထဲ ဝင်ရောက်တိုက်ခိုက်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ အချုပ်အခြာအာဏာနှင့် နယ်မြေလုံခြုံရေးအတွက် မဖြစ်မနေ တုံ့ပြန်ဆောင်ရွက်ခဲ့ရတဲ့ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter-Terrorism Operation)သာ ဖြစ်ပါတယ်။**

ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်နိုင်ငံမဆို မိမိရဲ့လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ ဒေသခံတွေကို အကြမ်းဖက်သမားတွေက တိုက်ခိုက်လာရင် လက်ပိုက်ကြည့်နေမှာ မဟုတ်ပါဘူး။ ဒါ့အပြင် အခုလက်ရှိအချိန်မှာလည်း မြန်မာအစိုးရဟာ အဲဒီဒေသမှာရှိတဲ့ ပြည်သူလူထု လုံခြုံဘေးကင်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင် AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ကို နှိမ်နင်းနေတာဟာ အဲဒီဒေသမှာရှိတဲ့ ရှုပ်ထွေးတဲ့ လုံခြုံရေးအခြေအနေကို မီးမောင်းထိုးပြနေတာ ဖြစ်ပါတယ်။ ARSA အကြမ်းဖက်အဖွဲ့ရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ လုပ်ရပ်တွေနဲ့ ပတ်သက်ပြီး ခိုင်လုံတဲ့အထောက်အထားများလည်း ရှိပြီး ဖြစ်ပါတယ်။

ဂမ်ဘီယာနိုင်ငံဘက်မှ တင်သွင်းမယ့် သက်သေတွေမှာ ဘက်ပြောင်းလာတဲ့ စစ်သားများရဲ့ ထွက်ဆိုချက်တွေပါဝင်မယ်လို့ သတင်းတွေကြားနေရပါတယ်။

*စာမျက်နှာ ၇ သို့*

❑ အင်တာဗျူးမှာ ဂမ်ဘီယာဘက်က ဖုံးကွယ်ထားတဲ့ အဓိကအချက်တစ်ချက်က ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ် ဖြစ်စဉ်တွေရဲ့ မူလဇာစ်မြစ် ဖြစ်ပါတယ်။ ဒီဖြစ်စဉ်တွေအရ မြန်မာနိုင်ငံက လူမျိုးတုံးသတ်ဖြတ်ရန်ရည်ရွယ်ချက်နဲ့ လုပ်ဆောင်ခဲ့တာမျိုး လုံးဝမဟုတ်တာကို တွေ့ရမှာပါ။ အမှန်တကယ်က အဲဒီအချိန်က ရခိုင်ပြည်နယ်မှာ ရှိတဲ့ ရဲကင်းစခန်းပေါင်းများစွာကို ARSA အကြမ်းဖက်အဖွဲ့က တစ်ပြိုင်နက်ထဲ ဝင်ရောက်တိုက်ခိုက်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ အချုပ်အခြာအာဏာနှင့် နယ်မြေလုံခြုံရေးအတွက် မဖြစ်မနေ တုံ့ပြန်ဆောင်ရွက်ခဲ့ရတဲ့ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation) သာ ဖြစ်ပါတယ်

# လူငယ့်အားမာန် မိုးထက်လျှံသို့

❖ တိုင်းပြည်တစ်ဝန်း၊ မငြိမ်းချမ်းက
လုပ်ငန်းဆောင်တာ၊ အရာရာ၌
ညင်သာချောမွေ့၊ ဘယ်မတွေ့ဘဲ
ဒုက္ခဝဲသာ နစ်ရပါလိမ့်။

❖ ငြိမ်းချမ်းသာယာ၊ ရှိစေရာဟု
သူငါကြိုးပမ်း ထိုနည်းလမ်းတွင်
စွမ်းစွမ်းတမံ၊ လူငယ့်ဟန်ဖြင့်
ဝန်းရံအားထုတ်၊ လုံ့လထုတ်၍
ကြိုးကုတ်ဆောင်ရွက်
အားမာန်ထက်စွာ၊ ပြုလုပ်ပါမှ
သူ့တာဝန်ကျေ၊ ငြိမ်းချမ်းပေလိမ့်။

❖ လူငယ်ဆိုသည်၊ ငါးလီဗလ
ပြည့်စုံကြပြီး၊
ခိုင်ဖြိုးအားမာန်၊ မိုးထက်လျှံသို့
ဖွဲသန်စွမ်းဆောင်၊ မိုးသောက်ရောင်သို့
ပြည်ဘောင်တစ်ဝန်း၊ စဉ်ငြိမ်းချမ်းလိမ့်...။

❖ တတ်သိနားလည် ပညာကြွယ်၍
ပျိုရွယ်တက်ကြွ၊ နှလုံးလှပြီး
ကြွရွပျံတက် လင်းယုန်ငှက်သို့
ထလျက်အဟုန်၊ ပြင်းသည့်ပုံဖြင့်
လုံးစုံပြည့်ဝ၊ လူရွယ်လှတို့
သိပ္ပမကျန်၊ နာခံယူလျက်
ထက်မြက်လုံ့လ၊ ရှိကြရအောင်
ကြံဆောင်ကြိုးပမ်း သွက်လက်လှမ်းလေ့။

❖ လူငယ်အများ၊ စုပေါင်းအားဖြင့်
စဉ်းစားချင့်ချိန်၊ နှလုံးအိမ်ထိ
စွဲထိဝင်စား၊ စိတ်အားထက်သန်
အားမာန်စီးထွေ၊ ငြိမ်းချမ်းမြေကို
များထွေအားလုံး၊ ပျော်ရွှင်ပြုံးလို့
လွှမ်းဖုံးမေတ္တာ အေးပါစေ...။

[လူငယ်ငြိမ်းချမ်းရေးဖိုရမ်(၂၀၂၆)ကိုဂုဏ်ပြုပါသည်။]

ဘိုမျိုး(ရွှေဘို)





❊ *ကျောဖုံးမှ*
မှော်ဘီမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ အနုပညာရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ပြီး ရှုပ်ရှုပ်ချွံချွံတိုက်ပွဲဝင်၍ အောင်ပွဲအလီလီရယူနိုင်ခဲ့သော အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ ဘင်ခရာ၊ အတီး၊ အမှုတ်၊ အကအလှများဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❖ *ကျောဖုံးမှ*
ရှစ်ကြိမ်စလုံး နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သည့်နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ဘာစီလိုနာအသင်းအတွက် သွင်းဂိုးများကို ရာဖင်ညာနှင့် လီဝမ်ဒေါစကီးတို့က သွင်းယူပေးပြီး ရီးရဲမက်ဒရစ်အသင်းအတွက် သွင်းဂိုးများကို ဗင်နီစီးယပ်စ်နှင့် ဂါစီယာတို့က သွင်းယူပေးခဲ့သည်။ ဘာစီလိုနာ တောင်ပံ တိုက်စစ်ကစားသမား ရာဖင်ညာ ခြေစွမ်းပြသနိုင်ခဲ့ပြီး နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ အဆိုပါ သွင်းဂိုးများကြောင့် နောက်ဆုံး ငါးပွဲတွင် သွင်းဂိုး ခုနစ်ဂိုးရှိလာပြီဖြစ်သည်။ ပွဲကစားချိန်ပြည့်ခါနီးတွင် ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမား ဖရန့်ကီဒီဂျောင် တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။ **အောင်ဇော်**

**စည်းလုံးခြင်းသည် အင်အား၊ ညီညွတ်ခြင်းသည် စွမ်းအား ငြိမ်းချမ်းခြင်းသည် အလှတရား**

**ပြည်ထောင်စုကြီး တိုးတက်ဖို့ ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်စို့**

*စာမျက်နှာ ၆ မှ*
ဒါပေမယ့် ဒီပုဂ္ဂိုလ်တွေဟာ မြန်မာ့တပ်မတော်မှ စည်းကမ်း၊ ကျင့်ဝတ်များကို ဖောက်ဖျက်ပြီး ထွက်ပြေးသွားကြတဲ့ 'စစ်ပြေး' တွေသာ ဖြစ်ပါတယ်။ ဒီလို ရာဇဝတ်မှုကျူးလွန်ထားသူတွေ၊ တာဝန်မှရှောင်လွှဲ ထွက်ပြေးလိုသူများ၏ ထွက်ဆိုချက်တွေကို အမှန်တရားအဖြစ် ယူဆလို့ ရနိုင်ပါမလား မေးခွန်းထုတ်စရာ ဖြစ်နေပါတယ်။ သူတို့အနေနဲ့ အကျိုးစီးပွားတစ်စုံတစ်ရာအတွက် လုပ်ကြံဖန်တီးထွက်ဆိုခြင်းများ ပြုလုပ်နိုင်ခြေအလွန်များပါတယ်။ ဒါကြောင့် သူတို့ရဲ့ ထွက်ဆိုချက်တွေဟာ ဥပဒေကြောင်းအရ ခိုင်လုံမှုမရှိနိုင်ပါဘူး။

ဂမ်ဘီယာနိုင်ငံအနေနဲ့ တိုင်းရင်းသားမဟုတ်တဲ့ ဘင်္ဂါလီလူမျိုးများကို နိုင်ငံရေး ခုတုံးလုပ်၍ ဇန်းပြနေခြင်းသာ ဖြစ်ပါတယ်။ သူတို့ရဲ့ လုပ်ရပ်ဟာ ဥပဒေကြောင်းအရ ခိုင်လုံမှုမရှိတဲ့ နိုင်ငံရေးရည်ရွယ်ချက်တွေနဲ့ မြန်မာနိုင်ငံကို ဖိအားပေးဖို့ ကြိုးပမ်းနေတာဖြစ်ပါတယ်။ ဒါပေမယ့်မြန်မာနိုင်ငံဘက်ကတော့ ဥပဒေကြောင်းအရ ခိုင်မာစွာ ဖြေရှင်းသွားမှာဖြစ်ပါတယ်။ အင်တာဗျူးမှာ ဂမ်ဘီယာနိုင်ငံဘက်က မြန်မာနိုင်ငံဟာ ICJ ရဲ့ ကြားဖြတ်ညွှန်ကြားချက်တွေကို မလိုက်နာသယောင် စွပ်စွဲပြောဆိုမှုတွေ ရှိပေမယ့်လည်း လက်တွေ့မှာ မြန်မာနိုင်ငံဟာ တရားရုံးရဲ့ ညွှန်ကြားချက်တွေကို အတိအလင်း လိုက်နာလျက်ရှိပါတယ်။ မြန်မာနိုင်ငံသည် တရားရုံးသို့ ခြောက်လတစ်ကြိမ် ပုံမှန်အစီရင်ခံစာတွေ တင်သွင်းလျက်ရှိပါတယ်။

**ဒါ့အပြင် တစ်ဖက်နိုင်ငံသို့ ရောက်ရှိနေတဲ့ ဘင်္ဂါလီများကိုလည်း ပြန်လည်စိစစ်လက်ခံဖို့အတွက် မြန်မာနိုင်ငံက အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါပေမယ့် သူတို့ ပြန်မလာတာကတော့ မြန်မာနိုင်ငံရဲ့ ပျက်ကွက်မှုကြောင့် မဟုတ်ဘဲ၊ Third Party အဖွဲ့အစည်းတွေရဲ့ သွေးထိုးလှုံ့ဆော်မှုတွေ၊ ဟန့်တားမှုတွေနဲ့ သူတို့ကိုယ်တိုင်က ပြန်လာဖို့ရန် ဆန္ဒမရှိတဲ့အတွက် နိုင်ငံရေးအမြတ်ထုတ်လိုသူတွေနဲ့ ပေါင်းသင်းနေခြင်းကြောင့်သာ ဖြစ်ပါတယ်။**

ဒီ ICJ အမှုဟာ မြန်မာနိုင်ငံအတွက် ရိုးရိုးအမှုခင်းတစ်ခု မဟုတ်ဘဲ၊ နိုင်ငံတော်ရဲ့ ဂုဏ်သိက္ခာ၊ အချုပ်အခြာအာဏာနဲ့ အမျိုးသားအကျိုးစီးပွားတို့နဲ့ သက်ဆိုင်တဲ့ နိုင်ငံ့အရေးဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ မကျူးလွန်ခဲ့တဲ့ ပြစ်မှုတစ်ခုအတွက် နိုင်ငံတကာရဲ့ အထင်အမြင် လွဲမှားခံရမှုတွေ၊ မတရားစွပ်စွဲခံရမှုတွေကို ဥပဒေနည်းလမ်းကျကျ ရင်ဆိုင်ဖြေရှင်းနေရတာ ဖြစ်ပါတယ်။

ဒါကြောင့် ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ အခုလို အရေးကြီးတဲ့ အချိန်ကာလမှာ သွားရောက်တရားရင်ဆိုင်နေကြတဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ရဲ့ နောက်ကွယ်မှ တစ်မျိုးသားလုံးအနေနဲ့ တစ်သားတည်း ရပ်တည်ပေးကြဖို့ လိုအပ်ပါတယ်။ အမှန်တရားသည် တစ်နေ့တွင် ပေါ်ပေါက်လာမည်ဖြစ်ပြီး၊ ဂမ်ဘီယာနဲ့ သူ့နောက်ကွယ်က အဖွဲ့အစည်းတွေရဲ့ နိုင်ငံရေးဇာတ်ညွှန်းတွေဟာလည်း ဥပဒေရဲ့ရှေ့မှောက်မှာ ပျက်ပြယ်သွားမယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် ပြည်တွင်းပြည်ပမှ သွေးထိုးမှုတွေ၊ မီဒီယာဝါဒဖြန့်မှုတွေကို သတိပြုပြီး ပြည်သူလူထုတစ်ရပ်လုံးက မိမိတို့ရဲ့ ကိုယ်စားလှယ်များဘက်မှ ခိုင်ခိုင်မာမာရပ်တည်ပေးကြဖို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ။



## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၂)ကျင်းပနေမှု သွားရောက်ကြည့်ရှုအားပေး

**ပဲခူး ဒီဇင်ဘာ ၁၂**

ပဲခူးခရိုင်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၂)ကျင်းပနေမှုနှင့် မဲဆန္ဒရှင် ပြည်သူများ စိတ်ဝင်တစား လာရောက်ဆန္ဒမဲပေးနေမှုကို ဇန်နဝါရီ ၁၁ ရက်က ပဲခူးတိုင်းဒေသကြီးဝန်ကြီး ချုပ် ဦးမျိုးဆွေဝင်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင်တို့ သွားရောက် ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင် တို့သည် သနပ်ပင်မြို့ အောက်စုရပ်ကွက် အခြေခံ ပညာအထက်တန်းကျောင်း၊ ဈေးပိုင်းရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ တောင်ဘက် ကမ်းရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း၊ ကမာစစ်စံပြကျေးရွာ အခြေခံပညာအထက်တန်း ကျောင်း ကဝမြို့ ရုံးကြီးရပ်ကွက် မဲရုံနှင့် အမှတ်(၂) ရပ်ကွက်၊ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဖွင့်လှစ်ထားသည့် မဲရုံများတွင် ဒေသခံပြည်သူများ ဆန္ဒမဲလာရောက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ဆန္ဒမဲလာရောက်ပေးသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကား ပြောကြားသည်။

သနပ်ပင်မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာ အုပ်စု ၆၆ ခု၌ ဆန္ဒမဲပေးသည့် မဲရုံ ၈၆ ခုရှိပြီး ကဝ မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာအုပ်စု ၁၀၃ ခု၌ ဆန္ဒမဲပေးသည့် မဲရုံ ၁၂၅ ခု ရှိသည်။

ပဲခူးတိုင်းဒေသကြီး၌ မြို့နယ် ၂၈ မြို့နယ်ရှိပြီး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)အား မြို့နယ် ရှစ်မြို့နယ်၌ ဒီဇင်ဘာ၂၈ ရက်က အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး အပိုင်း(၂)အဖြစ် ယနေ့တွင် ၁၂ မြို့နယ်၌ ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး အပိုင်း(၃)အား ကျန်ရှိသည့် မြို့နယ် ရှစ်မြို့နယ်တို့ ၌ ဇန်နဝါရီ ၂၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ် ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် မဲဆန္ဒရှင်ပြည်သူများ မဲရုံများအလိုက် လွတ်လပ်စွာ ဆန္ဒမဲလာရောက်ပေးနေမှုကို လိုက်လံကြည့်ရှုအားပေး

**မကွေး ဇန်နဝါရီ ၁၂**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၂)ကို မကွေးတိုင်းဒေသကြီး အတွင်း မြို့နယ် ၁၁ မြို့နယ်ရှိ သတ်မှတ်ထားသည့် မဲရုံအသီးသီး တွင် ဇန်နဝါရီ ၁၁ ရက်က ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများ အနေဖြင့် သက်ဆိုင်ရာမဲရုံများ အလိုက် မည်သည့်ဖိအားတစ်စုံ တစ်ရာမျှမပါရှိဘဲ မိမိတို့၏ လွတ်လပ်သည့် သဘောထားဆန္ဒ များအလျောက် တက်တက် ကြွကြွ စည်းကမ်းရှိရှိ ဆန္ဒမဲများ ပေးကြသည်။**(အောက်ပုံ)**

ထိုကဲ့သို့ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုကို မကွေးတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင် သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီး ချုပ်နှင့် တာဝန်ရှိသူများသည် မင်းလှမြို့နယ်ရှိ သက်ဆိုင်ရာ မဲရုံ များအလိုက် တာဝန်ရှိသူများက မဲစာရင်းများ တိုက်ဆိုင်စစ်ဆေး ပေးလျက်ရှိမှုနှင့် မဲဆန္ဒရှင် ပြည်သူများ၏ တက်ကြွစွာပါဝင် ဆန္ဒမဲပေးနေမှုများကို လိုက်လံ ကြည့်ရှုပြီး မဲဆန္ဒရှင်ပြည်သူများ အား ဆန္ဒမဲပေးမှုနှင့် ပတ်သက်၍ ကြုံတွေ့ရမှုများ၊ MEVM စက်ဖြင့် ဆန္ဒမဲပေးရာတွင် တွေ့ကြုံရမှုများ၊ မဲရုံဝန်ထမ်းများ၏ တာဝန်ထမ်း ဆောင်နေမှု အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး မေးမြန်းဆွေးနွေးပြီး မဲဆန္ဒရှင် ပြည်သူများကို နှုတ်ဆက် အားပေးသည်။

မင်းလှမြို့နယ်တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးပိုင်ခွင့် ရှိသူ မဲဆန္ဒရှင်စုစုပေါင်း ၅၃၂၆၁ ဦး ရှိပြီး မြို့နယ်အတွင်းရှိ ကျေးရွာ အုပ်စု ၃၂ အုပ်စုတွင် မဲရုံပေါင်း ၄၈ ရုံ ဖွင့်လှစ်ကာ ပြည်သူများ ဆန္ဒမဲ ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**



## (၇၉) ကြိမ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရေး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း

**နေပြည်တော် ဇန်နဝါရီ ၁၂**

၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်း အနားကျင်းပရေး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဆပ်ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၁၀ ရက်က ပို့ဆောင်ရေး နှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



ဦးစွာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက ပြည်ထောင်စုနေ့အခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် ဆပ်ကော်မတီဝင်များ အနေဖြင့် မိမိတို့လုပ်ငန်းတာဝန်များကို အလေး အနက်ထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်လာ ကြမည့် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ ယဉ်ကျေးမှုအဖွဲ့များကို အချိန်မီ ဘေးအန္တရာယ်ကင်းရှင်းစွာ ပို့ဆောင်ရမည့်ကိစ္စသည် မိမိတို့ ဆပ်ကော်မတီ၏ အဓိက လုပ်ငန်းတာဝန်ဖြစ်ပါ ကြောင်း၊ ထို့ပြင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ကိစ္စများကို လစ်ဟာမှုမရှိ စနစ်တကျဖြစ်စေရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ ဧည့်သည်တော်များ နှင့်ယဉ်ကျေးမှုအဖွဲ့များကို သတ်မှတ်နေရာများသို့ အချိန်မီပို့ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ယာဉ်တန်း များ ကြိုတင်ဇာတ်တိုက် လေ့ကျင့်မှုကိုလည်း သတ်မှတ်ရက်များအတိုင်း ဆောင်ရွက်ရမည်ဖြစ် ကြောင်း၊ သယ်ယူပို့ဆောင်မည့် ယာဉ်များ၏ ကြံ့ခိုင် ရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ယာဉ်တန်းလုံခြုံရေးတို့ကို လည်း အထူးအလေးထား ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ အဆင့်ဆင့်သော တာဝန်ကျ ဝန်ထမ်းများအနေဖြင့် လုံခြုံရေးအသိ၊ လုံခြုံရေးသတိ ရှိရန်လိုသကဲ့သို့ ကျန်းမာရေးနှင့် ပတ်သက်၍ အထူး ဂရုပြုစားသောက်နေထိုင်ကြရန်လိုကြောင်း ပြောကြား သည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြ သည့် ဆပ်ကော်မတီဝင်များနှင့် အထူးဖိတ်ကြား ထားသည့် ဆက်စပ်ဆပ်ကော်မတီမှ တာဝန်ရှိသူများ က သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြ ကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၆ ခုနှစ် (၂၁)ကြိမ်မြောက် ဂျပန်စာပေဘာသာပြန်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၂**

မြန်မာနိုင်ငံအတွင်းရှိ မြန်မာနိုင်ငံသား မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင် မည့် ဂျပန်စာပေဘာသာပြန်ပြိုင်ပွဲကျွမ်းကျင်အဆင့်နှင့် အငယ်တန်း အဆင့်တို့ကို မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းအသင်းက ကျင်းပသွားမည်ဖြစ်သည်။

ဂျပန်စာပေဘာသာပြန်ပြိုင်ပွဲ ကျွမ်းကျင်အဆင့် (Japanese Literature Translation Contest) သည် ဂျပန်စာပေဘာသာပြန်သူများ ပေါ်ထွန်းလာစေရန်အတွက် ရည်ရွယ်ပြီး ဂျပန်ခေတ်ပြိုင်စာပေများကို မြန်မာဘာသာသို့ ပြန်ဆိုရမည့် ပြိုင်ပွဲဖြစ်သည်။

ကျွမ်းကျင်အဆင့်ဘာသာပြန်ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက် (စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ Zoom online system ဖြင့် ကျင်းပမည်ဖြစ်သည်။ ပါဝင်လိုသူများသည် Google form link URL : https://forms.gle/MQdbWQKGJB4VUNbFA တွင် ဇန်နဝါရီ ၁၈ ရက် နောက်ဆုံးထား လျှောက်ထားရမည်ဖြစ်သည်။

ဂျပန်စာပေဘာသာပြန်ပြိုင်ပွဲ အငယ်တန်းအဆင့် (Japanese Literature Translation Entry Level Contest) သည် ဂျပန်ဘာသာ အရည်အချင်း N3 အဆင့်ရှိသည့် ဂျပန်စာလေ့လာနေသူများ ဂျပန် စာပေအပေါ် စိတ်ဝင်စားမှု တိုးပွားလာစေရန်အတွက် ရည်ရွယ်ပြီး လွယ်ကူရိုးရှင်းသော ဂျပန်ဘာသာစကားဖြင့် ရေးသားထားသည့်စာမူကို မြန်မာဘာသာသို့ ပြန်ဆိုရမည့်ဘာသာပြန်ပြိုင်ပွဲဖြစ်သည်။

မြန်မာနိုင်ငံအတွင်းရှိ မြန်မာနိုင်ငံသား N3 အဆင့်ရှိသည့် ဂျပန် စာလေ့လာနေသူများ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ဂျပန်ဘာသာအရည်အချင်း N1, N2 အဆင့်ရှိသူများ လျှောက်ထား၍မရပါ။

အငယ်တန်းအဆင့်ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ Zoom online system ဖြင့် ကျင်းပမည်ဖြစ်ကြောင်း၊ ပါဝင်လိုသူများသည် Google form link URL : https://forms.gle/JT85vTiNApSykL6X9 တွင် ဇန်နဝါရီ ၁၈ ရက် နောက်ဆုံးထား လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် ဘာသာ ပြန်ပြိုင်ပွဲတွင် မိမိကြိုက်နှစ်သက်ရာ အဘိဓာန်ကို အသုံးပြုနိုင်ကြောင်း သိရသည်။

ပြိုင်ပွဲနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို လျှောက်ထားသူများထံသို့ မေးလ်ဖြင့် ပြိုင်ပွဲရက်မတိုင်မီ ပေးပို့မည် ဖြစ်ပြီး စုံစမ်းသိရှိလိုပါက မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်း အသင်းဖုန်း ( ၀၉၄၂၈၆၁၂၅၁ )၊ ( ၀၉၂၆၆၀၂၃၂ ) တို့သို့ မေးမြန်းနိုင် ကြောင်း သိရသည်။ **မျိုးမင်းသူရ**

# (၁၀၇)ကြိမ်မြောက် စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟ စာအောင်ဆုနှင်းသဘင် အခမ်းအနားကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၁၂**

၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း ကျင်းပပြီးစီးခဲ့သော (၁၀၇)ကြိမ်မြောက် စေတိယင်္ဂဏ စာလျှောက်မေးပွဲ၌ အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် သံဃာတော် ၂၃ ပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းပူဇော်သည့် စာအောင်ဆုနှင်းသဘင် မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၁၁ ရက်တွင် ရွှေတိဂုံစေတီတော်ရင်ပြင် မြောက်ဘက်ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။

ဦးစွာ စာအောင်သံဃာတော် အရှင်သူမြတ် ၂၃ ပါးတို့အား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦးနှင့် တာဝန်ရှိသူများ၊ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များ၊ ဗုဒ္ဓဝေယျာဝစ္စအသင်းအဖွဲ့များ၊ ဝန်ထမ်းများနှင့် ဆွေတော်မျိုးတော်များက စေတီတော်မြတ်ကြီး ရင်ပြင်တော်တစ်ပတ် လှည့်လည်ပူဇော်ကြသည်။

ထို့နောက် (၁၀၇)ကြိမ်မြောက် စေတိယင်္ဂဏ စာအောင်ဆုနှင်းသဘင် အခမ်းအနားကို ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၊ စေတိယင်္ဂဏနာယကဆရာတော်များ၊ ပင့်သံဃာတော်များ၊ စာအောင်သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များ၊ ဗုဒ္ဓဝေယျာဝစ္စအသင်းအဖွဲ့များ၊ ဝန်ထမ်းများနှင့် ဆွေတော်မျိုးတော်များ တက်ရောက်ကြည်ညိုပူဇော်ကြသည်။

ဦးစွာအခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ တိပိဋကဩဝါဒါစရိယ၊ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်)ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦးက သာသနာရေးဆိုင်ရာဆောင်ရွက်မှုများ လျှောက်ထားပြီး နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌဆရာတော်၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က နဝကမ္မနှင့် လှူဖွယ်ဝတ္ထု ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက (၁၀၇) ကြိမ်မြောက် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲကြီးတွင် အောင်မြင်တော်မူခဲ့သည့် သီးခြားစာချတန်းအောင် သံဃာတော်အရှင်သူမြတ် ရှစ်ပါးနှင့် သီးခြားစာသင်တန်းအောင် သံဃာတော်အရှင်သူမြတ် ၁၅ ပါးတို့အား အောင်စဉ်အလိုက် ဘွဲ့တံဆိပ်၊ အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာကြား၍ ရေစက်ချအမျှပေးဝေခဲ့ပြီး အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဩဝါဒါစရိယဆရာတော်ကြီးများ၊ စေတိယင်္ဂဏ နာယကဆရာတော်များ၊ ပင့်သံဃာတော်များနှင့် စာအောင်သံဃာတော်များအား အမြဲတမ်းအတွင်းဝန်နှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းတွင် နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၁၂**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"အကြမ်းဖက်လုပ်ရပ်၊ အဖွဲ့အစည်းများကို ကျောခိုင်းကာ နှစ်သစ်ကို စည်းလုံးပျော်ရွှင်စွာဖြတ်သန်းနေကြသော ပြည်သူများ၏ ငြိမ်းချမ်းသော အနာဂတ်ခရီး"** ခေါင်းစဉ်ဖြင့် ၁၄-၁-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ၂၁-၁-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"အခုချိန်ထိလုပ်နေတာတွေက ဘယ်သူ့အတွက်လဲ မစဉ်းစားနိုင်သေးတဲ့အကြမ်းဖက် PDF တွေရဲ့ တောကျွဲအင်းတိုက်ခိုက်မှုကြောင့် ပြည်သူတွေဒုက္ခထပ်ရောက်နေရ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေး တင်ဆက်မည်ဖြစ်သည်။

အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေး တင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**



## ရန်ကင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

**ရန်ကင်း ဇန်နဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရန်ကင်းပညာရေးဒီဂရီကောလိပ်တို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနား အသိပညာပေးဟောပြောပွဲ၊ လူငယ်စကားဝိုင်း၊ ကျပန်းစကားပြောပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက ရန်ကင်းပညာရေးဒီဂရီကောလိပ် မြတ်ပညာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကင်းပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာငြိမ်းသီအောင်က အမှာစကားပြောကြားပြီး လူငယ်စကားဝိုင်းကိုစတင်ရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှထွေးနှင့် ရန်ကင်းပညာရေးဒီဂရီကောလိပ်မှ ဒေါ်ဝတ်ရည်လွင်၊ နည်းပြ(လူမှုရေးရာဘာသာရပ်များဌာန)တို့က စေ့စပ်ညှိနှိုင်းသူများအဖြစ် ဆောင်ရွက်ကြပြီး ရန်ကင်းပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများက AI နည်းပညာ၏ အကျိုးဆက်များ ခေါင်းစဉ်၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး ပညာရေးဖြင့်ပျိုးထောင်ပေး ခေါင်းစဉ်၊ လူသားနှင့်စွန့်ဦးတီထွင်မှု ခေါင်းစဉ်၊ အမျိုးသား၊ အမျိုးသမီးတို့၏ ဂုဏ်ကျက်သရေအစဉ်အလာများ ထိန်းသိမ်းရေးခေါင်းစဉ်၊ ကာယ၊ ဉာဏဖွံ့ဖြိုးဖို့ အားကစားကိုမြှင့်တင်စို့ ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

(၁၂-၁-၂၀၂၆)ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၄-၁-၂၀၂၆)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၁-၁-၂၀၂၆) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄၇)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေ မရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် လိုအပ်သည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

## သာစည်-ဘိုကုန်းလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းကြည့်ရှု



**သာစည် ဇန်နဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ပြည်ထောင်စုအထွေထွေပိုလျှံရန်ပုံငွေ(GRF)ဖြင့် ဆောင်ရွက်လျက်ရှိသည့် Quick win လုပ်ငန်းဖြစ်သော သာစည်-ဘိုကုန်းလမ်း ကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ယနေ့နံနက်က ဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု (အထွေထွေပိုလျှံ) ရန်ပုံငွေကျပ် ၁၉၁ ဒသမ ၄၈၅ သန်းဖြင့် သာစည်-ဘိုကုန်းလမ်း လမ်းအရှည် ၀ ဒသမ ၈၀၅ ကီလိုမီတာအား ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကိုမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်နေခြင်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်နှင်းနှင်းအိလှိုင်နှင့် မြို့နယ်တာဝန်ခံတို့က ကွင်းဆင်းစစ်ဆေးပြီး လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ)က လုပ်ငန်းများအား ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရန်နှင့် သတ်မှတ်စံချိန်စံညွှန်း ပြည့်မီအောင်ဆောင်ရွက်ရန် မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း – ၁၉)

## ဩစတြေးလျနိုင်ငံ အဆင့်မြင့်စိုက်ပျိုးမွေးမြူရေးဆိုင်ရာပညာရေး Travel Experience – 20 Australian Higher Education Systems for Agriculture

ဒေါက်တာမျိုးကြွယ် (ပါမောက္ခချုပ် – ငြိမ်း)

ဩစတြေးလျနိုင်ငံ စိုက်ပျိုးမွေးမြူရေး နိုင်ငံတကာတွင် ထိပ်တန်းရောက်နေရခြင်းက စိုက်ပျိုးမွေးမြူရေးပညာ အဆင့်မြင့်ပညာရေး (HE–Higher Education/Tertiary Education) နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းပညာရေး (TVET– Technical & Vocational Education and Training) တို့ တိုးတက်ပြောင်းလဲလာမှုအပေါ် မူတည်လာပါသည်။

ပါမောက္ခ ဒင်နီယယ်တန် (Professor Daniel Tan) ၏ ဖိတ်ကြားမှုကြောင့် စာရေးသူသည် ဆစ်ဒနီတက္ကသိုလ် သို့ ခေတ္တရောက်ရှိနေစဉ် စိုက်ပျိုးရေးပညာ သင်ကြား၊ သုတေသန (Australian Agricultural Research and Education) ပြုနေမှုများကို အမိနိုင်ငံအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ တင်ပြဆွေးနွေးလိုပါသည်။



ဆစ်ဒနီတက္ကသိုလ်စတင်ခဲ့ရာ မူလ ကင်ပါးဒေါင်းနယ်မြေ။

**(က) နှိုင်းယှဉ်ချက် (Comparison)**

ပထမဦးစွာ ဩစတြေးလျနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် စိုက်ပျိုးမွေးမြူရေးကို အခြေပြုနေသော နိုင်ငံချင်း တူနေပါသည်။ သို့သော် မြန်မာနိုင်ငံတွင် စိုက်ပျိုးမွေးမြူရေး အဆင့်မြင့်ပညာကို သင်ကြားပေးနေသည်က ၁၉၂၄ ခုနှစ်တွင် မန္တလေးမှစတင်ခဲ့ပြီး နှစ် ၁၀၀ ကျော်ရှိပြီ ဖြစ်သော်လည်း ယခုနှစ်မှ ဖွင့်လှစ်သော မအူပင် စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်အပါအဝင် စိုက်ပျိုး၊ မွေးမြူရေးပညာသင်တက္ကသိုလ် သုံးကျောင်းသာ ရှိပါသေးသည်။

ဩစတြေးလျနိုင်ငံရှိ စိုက်ပျိုးရေးဘွဲ့ပညာရပ်များ၏ သမိုင်းနှင့် တည်ထောင်မှုကို ကြည့်ရအောင်ပါ။

**(က–၁) အစောပိုင်းသမိုင်း ၁၉ ရာစု အဆုံးပိုင်း (History of Agricultural Education in Australia)**

ဩစတြေးလျနိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ပညာရေးသည် ပထမဦးဆုံး တက္ကသိုလ်များ မဟုတ်ဘဲ စိုက်ပျိုးရေးကောလိပ်များမှ စတင်ခဲ့ပါသည်။

အရေးပါသော စိုက်ပျိုးရေးကောလိပ်များမှာ ၁၈၈၃ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့သော ရို့စ်ဝါသီ စိုက်ပျိုးမွေးမြူရေးကောလိပ် (Roseworthy Agricultural College–South Australia) (ဩစတြေးလျနိုင်ငံတွင် ပထမဆုံး စိုက်ပျိုးရေးကောလိပ်ဖြစ်ပါသည်။) ဒိုကီစိုက်ပျိုးရေးကောလိပ် (Dookie Agricultural College–Victoria) – ၁၈၈၆ ခုနှစ် (နောက်ပိုင်း မဲလ်ဘုန်းတက္ကသိုလ် University of Melbourne နှင့် ပူးပေါင်းသွားပါသည်။) ဟောကဘာရီစိုက်ပျိုးရေးကောလိပ် (Hawkesbury Agricultural College–NSW) – ၁၈၉၁ ခုနှစ် (ယနေ့ အနောက်ပိုင်း ဆစ်ဒနီတက္ကသိုလ် (Western Sydney University) အောက်တွင် ပါဝင်ပါသည်။) ကွင်းစလန် စိုက်ပျိုးရေးကောလိပ် (Queensland Agricultural College (Gatton) – ၁၈၉၇ ခုနှစ် (ယနေ့ ကွင်းစလန်တက္ကသိုလ် – ဂတ်တန်နယ်မြေ University of Queensland – Gatton Campus ဖြစ်သွားပါပြီ။

၂၀ ရာစုအတွင်း အခြားပြည်နယ်များရှိ တက္ကသိုလ်များကလည်း စိုက်ပျိုးရေးကောလိပ်များကို ပေါင်းစည်းကာ စိုက်ပျိုးမွေးမြူရေးသိပ္ပံ (Agriculture / Agricultural Science) ဘွဲ့များကို ကျယ်ပြန့်စွာ ဖွင့်လှစ်လာခဲ့ပါသည်။ ၂၀၂၅ ခုနှစ်အထိ ဩစတြေးလျနိုင်ငံတွင် စိုက်ပျိုးရေး၊ စိုက်ပျိုးရေးသိပ္ပံ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းပညာ (Agribusiness)နှင့် ဆက်စပ်ဘွဲ့များကို တက္ကသိုလ် စုစုပေါင်း ≈ ၂၅–၃၅ ကျောင်းခန့်တွင် သင်ကြားနေပါသည်။ ဩစတြေးလျ မဟာဌာနမှူးများကောင်စီ (Australian Council of Deans of Agriculture–ACDA) တွင် အဓိက စိုက်ပျိုးရေးနှင့် ဆက်စပ်ဘာသာရပ်များကို အလေးထား သင်ကြားနေသော တက္ကသိုလ် ၁၅ ခုခန့် အပါအဝင်ဖြစ်ပါသည် (ဩစတြေးလျတစ်နိုင်ငံလုံး စုစုပေါင်း တက္ကသိုလ် ၄၂ ခု ရှိပါသည်)။

**(က–၂) ပျမ်းမျှနှစ်စဉ် စိုက်ပျိုးရေးဘွဲ့ရ ကျောင်းသားအရေအတွက် (Annual Agriculture Graduates Number)**

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာတက္ကသိုလ် နှစ်ခုပေါင်းမှ နှစ်စဉ် စိုက်ပျိုး၊ မွေးမြူရေးဘွဲ့ရဦးရေ ပျမ်းမျှ ၅၀၀– ၆၀၀ ခန့် မွေးထုတ်ပေးနေပါသည်။ ဩစတြေးလျနိုင်ငံတွင် နှစ်စဉ်စိုက်ပျိုးမွေးမြူရေးဘွဲ့ရ ဦးရေကို သီးခြားခွဲထားသော တရားဝင်စာရင်းများ မတွေ့ရှိသေးပါ။ သို့သော် အစိုးရနှင့် စက်မှုလုပ်ငန်းဆိုင်ရာ အစီရင်ခံစာများအရ နှစ်စဉ်စိုက်ပျိုးရေးနှင့် ဆက်စပ်ဘွဲ့ရ ကျောင်းသား ကျောင်းသူများ ≈ ၁၂၀၀ မှ ၂၅၀၀ ခန့် ဘွဲ့ရနေပါသည်။ နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေး၊ စက်မှုလုပ်ငန်း လိုအပ်ချက်အရတော့ ဤအရေအတွက်မှာ မလုံလောက်သေးကြောင်း အများအားဖြင့် သုံးသပ်ကြပါသည်။

**(ခ) သင်ကြားမှုပုံစံ (Teaching Methodology)**

ယနေ့ခေတ် အင်တာနက်၊ ဒစ်ဂျစ်တယ်ခေတ် (Digital Age) တွင် စိုက်ပျိုးရေးအခြေခံ ဗဟုသုတများကို အချိန်ကုန်ခံပြီး သီးနှံတစ်ခုချင်းအကြောင်း၊ ပိုးမွှားရောဂါ တစ်ခုချင်းအကြောင်း သင်မနေတော့ပါ။ သင်ကြားချိန်များ လျှော့ပြီး ခေတ်မီနိုင်ငံအတွက် အရေးပါသော စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာ သုတေသနအခြေခံ သင်ကြားရေးများ သင်ကြားလျက်ရှိနေပါပြီ။ ၁၉၈၇ ခုနှစ် ကွင်းစလန်တက္ကသိုလ်တွင် စာရေးသူ မဟာစိုက်ပျိုးရေးပညာ သင်တန်းတက်ရောက်စဉ်ကတည်းက သင်ယူရမည့် ဘာသာရပ်များ ရွေးချယ်ရာတွင် သီးနှံစိုက်ပျိုးထုတ်လုပ်ရေး (AGY–320 Plant Production – Year Subject 20 Credits)ကို ရွေးချယ်ခဲ့ရာ ကြီးကြပ်ဆရာ (Supervisor) က "မင်းဘာလို့ ဒါကိုရွေးတာလဲ။ အဲဒါက ဩစတြေးလျကျောင်းသားတွေအတွက် သီးနှံစိုက်ပျိုးရေးအကြောင်းကို သင်ကြားပေးတဲ့ အခြေခံစိုက်ပျိုးရေး

*စာမျက်နှာ ၁၁ သို့*

ဇယား–၁ ဩစတြေးလျ၊ နယူးဇီလန်၊ မြန်မာရှိ ဘာသာရပ်အလိုက် ဘွဲ့ရလူဦးရေ ၁၀၀ လျှင် ရှိသည့် ရာခိုင်နှုန်း (၂၀၁၈)

| ဘာသာရပ် | ဩစတြေးလျ | နယူးဇီလန် | မြန်မာ |
|---|---|---|---|
| စိုက်ပျိုးမွေးမြူရေး Agriculture | ၀.၇ | ၂.၀ | ၀.၆ |
| ပညာရေး Education | ၈.၆ | ၉.၄ | ၃.၉ |
| အင်ဂျင်နီယာ၊ ကွန်ပျူတာ Engineering, ICT | ၇.၈ | ၈.၅ | ၇.၉ |
| ဆရာဝန်၊ သူနာပြု Health | ၁၇.၅ | ၁၃.၉ | ၂.၃ |
| လူမှုရေး၊ စီးပွားရေး၊ ဥပဒေ Social Sci., Business, Law | ၃၅.၉ | ၂၂.၅ | ၁၁.၈ |
| ဝန်ဆောင်မှု Services | ၁.၈ | ၄.၆ | ၂.၀ |
| ဝိဇ္ဇာနှင့်လူမှုဘာသာ Arts, Humanities | ၁၂.၁ | ၁၁.၄ | ၄၅.၇ |
| သိပ္ပံ Natural Science | ၅.၀ | ၆.၃ | ၂၃.၆ |
| အခြား Unspecified Fields | ၀.၀ | ၆.၄ | ၀.၀ |
| **စုစုပေါင်း Total Graduate Numbers** | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |

Source – https://databank.worldbank.org/source/education–statistics

- **အစိုးရနှင့် စက်မှုလုပ်ငန်းဆိုင်ရာ အစီရင်ခံစာများအရ နှစ်စဉ် စိုက်ပျိုးရေးနှင့် ဆက်စပ်ဘွဲ့ရ ကျောင်းသား ကျောင်းသူများ ≈ ၁၂၀၀ မှ ၂၅၀၀ ခန့် ဘွဲ့ရနေ**
- **ယနေ့ခေတ် အင်တာနက်၊ ဒစ်ဂျစ်တယ်ခေတ် (Digital Age) တွင် စိုက်ပျိုးရေးအခြေခံဗဟုသုတများကို အချိန်ကုန်ခံပြီး သီးနှံတစ်ခုချင်းအကြောင်း၊ ပိုးမွှားရောဂါ တစ်ခုချင်းအကြောင်း သင်မနေတော့ပါ။ သင်ကြားချိန်များ လျှော့ပြီး ခေတ်မီနိုင်ငံအတွက် အရေးပါသော စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာ သုတေသနအခြေခံ သင်ကြားရေးများ သင်ကြားလျက်ရှိနေ**

## နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး လယ်ဝေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၂**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ဇန်နဝါရီ ၁၀ ရက်က လယ်ဝေးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူရနှင့်အတူ လယ်ဝေးမြို့နယ်အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် လယ်ဝေးမြို့နယ် ရန်ကုန် - မန္တလေး လမ်းဟောင်းတွင် ကျောက်ကတ္တရာခင်း ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ အရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးရေး မှာကြားသည်။



ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် လယ်ဝေးမြို့ အမှတ်(၁)ရပ်ကွက်ရှိ အမေသန်းပြည်သူ့စာကြည့်တိုက် (၁၂)နှစ်ပြည့် အထိမ်းအမှတ် ကဗျာရွတ်၊ ပုံပြော၊ ကျပန်း၊ စာစီစာကုံးနှင့် စကားရည်လုပြိုင်ပွဲ ကျင်းပနေမှုအား ကြည့်ရှုအားပေးကာ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။ ထို့နောက် လယ်ဝေးမြို့နယ်အတွင်းရှိ လျော်ဘေးသင့်နေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းများ ဖြန့်ဝေပေးနေမှုကို သွားရောက်ကြည့်ရှုကာ အားပေးစကားပြောကြားသည်။

နေပြည်တော်ကောင်စီဝင်သည် ယမန်နေ့ မွန်းလွဲပိုင်းက လယ်ဝေးမြို့ အမှတ်(၆) ရပ်ကွက် မြို့သစ်(၅)လမ်း ကွန်ကရစ်တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ပန်းတင်ကျေးရွာ ဟိန်းမဟာကြက်မွေးမြူရေးခြံသို့ သွားရောက်၍ အသားတိုးကြက်နှင့် ဥစားကြက်များ တိုးချဲ့မွေးမြူရေး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကော့ကရိတ်မြို့၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

**ကော့ကရိတ် ဇန်နဝါရီ ၁၂**

ကော့ကရိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကော့ကရိတ်မြို့ အမှတ်( ၁၂) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် အမှတ်(၁၂) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ ဗိုလ်မှူးကြီး အောင်သက်ထွေးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ကော့ကရိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးစောကြည်လင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် လူတိုင်းအိမ်တိုင်း နေ့စဉ်အသုံးပြုကြသည့် ဆပ်ပြာရည်၊ ဆပ်ပြာခဲအမျိုးမျိုး၊ ခေါင်းလျှော်ရည်ပြုလုပ်နည်းနှင့် ပရုတ်ဆီပြုလုပ်နည်းများကို ဇန်နဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ သင်တန်းကာလ ငါးရက်ကို စာတွေ့ လက်တွေ့ သင်တန်းသူ ၂၀ ဖြင့် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## စဥ့်ကိုင်မြို့နယ်အတွင်းရှိ မဲရုံများ၌ ပြည်သူများအေးချမ်းစွာဆန္ဒမဲပေး



**စဥ့်ကိုင် ဇန်နဝါရီ ၁၂**

စဥ့်ကိုင်မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)အတွက် ဆန္ဒမဲပေးခြင်းကို ဇန်နဝါရီ ၁၁ ရက် နံနက် ၆ နာရီမှစတင်ပြီး သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာများရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာ လာရောက်ဆန္ဒမဲပေးကြသည်။

ထိုသို့ ဆန္ဒမဲပေးရာတွင် သက်ဆိုင်ရာမဲရုံများ၌ တာဝန်ထမ်းဆောင်နေသူများက ပြည်သူများ လွယ်ကူလျင်မြန်စွာ ဆန္ဒမဲပေးနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊ သက်ကြီးရွယ်အိုများအား မဲရုံအတွင်း သွားလာနိုင်ရေး ကူညီဆောင်ရွက်ပေးခြင်းတို့ကို တာဝန်ရှိသူများအားလုံး ပူးပေါင်းဆောင်ရွက်ပေးကြသည်။

**စဥ့်ကိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

ဗဟုသုတအတွက်ပဲ” လို့ ပြောပါသည်။ ထိုအစား ဆရာကြီး ဦးညွန့်ရွှေတို့ သင်ယူနေသော ပါမောက္ခ အက်ဝါးရင်း (Professor S. Waring) ၏ မြေဆီလွှာသိပ္ပံဘာသာ-၁ (AGC-321 Soil Science 1 10 Credits)နှင့် စာရေးသူ၏ဆရာ ဒေါက်တာပက်စ် ဘလိန်းမီး (Dr. Pax Blamey) သင်ကြားနေသော မြေအသုံးချရေး (AGY-337 Land Utilization 10 Credits) ဘာသာရပ်ကိုရွေးပါလားဟူ၍ ပြောရာ စာရေးသူက လယ်ယာသီးနှံဌာနမှလာခဲ့၍ စိုက်ပျိုးရေးအကြောင်း စာတွေ့၊ လက်တွေ့ (Theory and Practical Classes) လေ့လာလို၍ ဟူ၍ ပြောကြားကာ တစ်နှစ်လုံး သင်ကြားပေးသော ဤဘာသာရပ်အကြီးကြီးကို ရွေးချယ်ခဲ့ပါသည်။

သင်ကြားမှုမှာ ဩစတြေးလျနိုင်ငံတွင် စိုက်ပျိုးလျက်ရှိနေသော လယ်ယာသီးနှံ (Agronomic Crops)၊ ဥယျာဉ်ခြံသီးနှံ (Horticultural Crops)၊ စားကျက်သီးနှံများ (Pasture/Forage Crops) ကို တစ်နှစ်ပတ်လုံး တစ်ဘာသာတည်း ခြုံငုံ၍သင်ကြားခြင်းဖြစ်ပါသည်။ ကျန်ဘာသာရပ်များကိုလည်း သိရှိလို၍ လေ့လာသူအဖြစ် တက်ရောက်ခဲ့ရာ နောက်ပိုင်းစာမေးပွဲ (Exams, Tests)၊ လက်တွေ့လုပ်ဆောင်ချက်များ (Practicals and Assign-ments)၊ တင်ပြချက်များ (Presentations) ရှိ၍ မတက်ရောက်နိုင်ခဲ့တော့ပါ။

**(ခ-၁) စာတွေ့လက်တွေ့သင်ကြားမှု (Teaching Theory and Practical Classes)**

ဆစ်ဒနီတက္ကသိုလ် စိုက်ပျိုးမွေးမြူရေး အထူးပြုကျောင်းသားများအတွက် ဆစ်ဒနီတက္ကသိုလ် နယ်မြေအသီးသီး (University Campuses)တွင် သင်ကြားမည့်အစီအစဉ်များကို ပါမောက္ခဒေါက်တာဒင်နီယယ်တန်(Professor Daniel Tan) အကူအညီနှင့် လေ့လာခဲ့ပါသည်။

**https://www.sydney.edu.au/science/**

ဆစ်ဒနီတက္ကသိုလ်အောက်၌ မဟာဌာန ရှစ်ခုရှိရာ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်များက သိပ္ပံမဟာဌာန(Faculty of Science) အောက်တွင် တည်ရှိပါသည်။ တစ်ဖန်ထိုအောက်တွင် အဆင့်မြင့်ကျောင်း ရှစ်ကျောင်းရှိရာ သက်ရှိနှင့် ပတ်ဝန်းကျင်သိပ္ပံအဆင့်မြင့်ကျောင်း (School of Life and Environmental Sciences) အောက်တွင်မှ အထူးပြုဘာသာ လေးခုခွဲထားပါသည်။

A - စိုက်ပျိုးရေးနှင့် အစားအစာ (Agriculture and Food)

B - ဇီဝဗေဒ (Biology)

C - ပတ်ဝန်းကျင်နှင့် ဘူမိသိပ္ပံများ (Environment and Geosciences) နှင့်

D - တိရစ္ဆာန်ကျန်းမာရေးနှင့် ဆေးကုသရေးပညာများ (Animal Health and Veterinary Science) ပါဝင်ပါသည်။




ဆစ်ဒနီတက္ကသိုလ် အပင်မျိုးမွေးမြူရေးသုတေသနဌာနသို့ စာရေးသူ အလည်အပတ်သွားရောက်ခဲ့စဉ်။

**(ဂ) ဆစ်ဒနီတက္ကသိုလ်၏ နယ်မြေ၊ နေရာများ (Campus Location of Sydney University)**

ပါမောက္ခဒင်နီယယ်တန် လိုက်လံပြသ၍ စိုက်ပျိုးရေးနှင့်မွေးမြူရေး ဘွဲ့ကြို၊ ဘွဲ့လွန် ကျောင်းသားများ၊ သင်ကြားသုတေသနပြုရာ တက္ကသိုလ်နယ်မြေများကို တင်ပြပါမည်။

**(ဂ-၁) ကင်ပါးဒေါင်းနယ်မြေ (Camperdown / Darlington Campus)**

တက္ကသိုလ်စတည်ထောင်ကတည်းက သမိုင်းဝင်တက္ကသိုလ် အဆောက်အအုံများရှိသော အဓိကနယ်မြေဖြစ်ပြီး အုပ်ချုပ်ရေးနှင့် သင်ကြားရေး၏ အချက်အချာဖြစ်ပါသည်။ စိုက်ပျိုးမွေးမြူရေး ပထမနှစ် ကျောင်းသား ကျောင်းသူများ အခြေခံသိပ္ပံနှင့် ဆက်စပ်ဘာသာရပ်များ သင်ယူရန်နယ်မြေ၊ နေရာဖြစ်ပါသည်။

**(ဂ-၂) ဒါလင်တန်နယ်မြေ (Darlington Campus)**

စိုက်ပျိုးမွေးမြူရေး ဒုတိယနှစ်နှင့် အထက်ကျောင်းသား ကျောင်းသူများ ဘာသာရပ်ဆိုင်ရာသင်ကြား၊ သင်ယူရာနယ်မြေဖြစ်ပါသည်။ ဤနယ်မြေအနီးတွင် ပုဂ္ဂလိကကုမ္ပဏီများနှင့် တက္ကသိုလ်ပူးတွဲဆောင်ရွက်သောအစီအစဉ် (University_Industry Partnerships)အရ ယခင် ဩစတြေးလျနည်းပညာဌာန (ATP - Australian Technology Park) ယခု အီဗန်လီတောင်နည်းပညာဌာန(South Eveleigh)ကို တည်ထောင်ပြီး ဘွဲ့ရကျောင်းသားများ၊ နည်းပညာကုမ္ပဏီများ သုတေသနပေါင်းစုံ ပြုလုပ်ရာနေရာဖြစ်ပါသည်။

**(ဂ-၂) ကမ်ဒန်နယ်မြေ (Camden Campus)**

စိုက်ပျိုးရေး/ပတ်ဝန်းကျင်ဆိုင်ရာ ဘာသာရပ်များနှင့် မွေးမြူရေး၊ တိရစ္ဆာန်ဆေးပညာကို သင်ကြားပါသည်။ မူလတက္ကသိုလ်မှ ကီလိုမီတာ ၇၀ (မိုင် ၄၀ ခန့်) ကွာဝေးပါသည်။ ဤနယ်မြေတွင် ၁၉၅၃ ခုနှစ်က တည်ထောင်ထားသော အပင်မျိုးမွေးမြူရေး၊ သင်ကြားသုတေသန (PBI - Plant Breeding Institute) တည်ရှိပါသည်။ တတိယနှစ်၊ နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများ ဗီဇဗေဒ(Genetics)၊ အပင်မျိုးမွေးမြူရေး (Plant Breeding) လေ့ကျင့်သုတေသနပြုရာ နေရာဖြစ်ပါသည်။

**https://www.sydney.edu.au/science/our-research/research-centres/plant-breeding-institute.html**




မြေဆီလွှာလက်တွေ့ခန်းနှင့် သုတေသနစက်ရုံအတွင်း အမှတ်တရ။

◆ *ကျောဖုံးမှ*

မိုင်းရယ်မြို့ အနောက်တောင်ဘက် ၂၀ ကီလိုမီတာခန့်အကွာ ဒုတိယနေရာမှ လက်ရှိသိမ်းဆည်းရမိ သော ဓာတုပစ္စည်းများအပေါ် ခန့်မှန်းတွက်ချက်မှုအရ အိုက်စ် ၂၇ တန်ခန့် (တန်ဖိုးငွေကျပ် ၅၄၀ ဘီလီယံ)ထုတ်လုပ်နိုင်ပြီး စိတ်ကြွဆေးပြားအဖြစ် ပြောင်းလဲထုတ်လုပ်ပါက စိတ်ကြွဆေးပြား သန်း ၈၁၀ ခန့် ထုတ်လုပ်နိုင်မည်ဖြစ်သည်။

အဆိုပါ စိတ်ကြွဆေးပြားများ ဈေးကွက်အတွင်းသို့ ရောက်ရှိသွားပါက ငွေကျပ် ၁၆၂၀ ဘီလီယံခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ပျံ့နှံ့သွားမည်ဖြစ်သည်။ အဆိုပါနေရာမှ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများကို လေ့လာဖော်ထုတ် သုံးသပ်ချက်အရ အိုက်စ် ၂၇ တန် (သို့မဟုတ်) စိတ်ကြွဆေးပြားသန်း ၈၁၀ ခန့်ထက် ပိုမိုများပြားသည့် မူးယစ်ဆေးဝါးများကို ပုံမှန်ထုတ်လုပ်နေခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

အဆိုပါ ဒုတိယနေရာနှင့် ၎င်း၏ အနောက်တောင်ဘက် ၁၉ ကီလိုမီတာခန့်အကွာ တတိယနေရာတို့တွင် GUANYINWANG စာတန်းပါထုပ်ပိုးခွံများနှင့် တရုတ်စာတန်းပါ ထုပ်ပိုးခွံအမြောက်အမြားကိုလည်း သိမ်းဆည်းရမိခဲ့သည်။ ၂၀၂၅ ခုနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံးတွင် ဖမ်းဆီးရမိခဲ့သည့် အိုက်စ် ၃၇ ဒသမ ၈၁၅ တန်အနက် GUANYINWANG စာတန်းပါ ထုပ်ပိုးခွံဖြင့် ထုပ်ပိုးထားသည့် အိုက်စ် ၁၁ ဒသမ ၆၈၆ တန်နှင့် တရုတ်စာတန်းပါထုပ်ပိုးခွံဖြင့် ထုပ်ပိုးထားသည့် အိုက်စ် ၀ ဒသမ ၉၆ တန် စုစုပေါင်း ၁၂ ဒသမ ၆၄၆ တန် (စုစုပေါင်းကာလတန်ဖိုးငွေကျပ် ၂၅၂ ဒသမ ၉၂ ဘီလီယံ) ဖမ်းဆီးရမိခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် အဆိုပါနေရာနှစ်ခုမှ ထုတ်လုပ်ဖြန့်ဖြူးခဲ့သည့် ပမာဏမှာ ၂၀၂၅ ခုနှစ်အတွင်း တစ်နိုင်ငံလုံး၌ ဖမ်းဆီးရမိခဲ့သည့် အိုက်စ်ပမာဏ၏ ၃၃ ဒသမ ၄၄ ရာခိုင်နှုန်းခန့်ရှိကြောင်း ဖော်ထုတ်တွေ့ရှိရသည်။

သို့ဖြစ်ပါ၍ ၂၀၂၆ ခုနှစ် ဇန်နဝါရီ (၁၀၊ ၁၁) ရက်များတွင် ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးချက်လုပ်သည့် နေရာသုံးခုသည် မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်သည့် ပင်ရင်း နေရာများဖြစ်ကြောင်း စိစစ်တွေ့ရှိရမှုအား သတင်းထုတ်ပြန်အပ်ပါသည်။ **သတင်းစဉ်**



မိုင်းရယ်မြို့ အနောက်တောင်ဘက် ၂၀ ကီလိုမီတာခန့်အကွာ ဒုတိယနေရာနှင့် ၎င်း၏ အနောက်တောင်ဘက် ၁၉ ကီလိုမီတာခန့်အကွာ တတိယနေရာတွင် တွေ့ရှိရသည့် ထုပ်ပိုးခွံများ။



ယခင် ဖမ်းဆီးရမိခဲ့သည့် DAGUANYIN တံဆိပ် အိုက်စ်ထုပ်ပိုးခွံများ။




ယခင်ဖမ်းဆီးရမိခဲ့သည့် GUANYINWANG တံဆိပ် အိုက်စ် ထုပ်ပိုးခွံများ။



မိုင်းရယ်မြို့ အနောက်တောင်ဘက် ၂၀ ကီလိုမီတာခန့်အကွာ ဒုတိယနေရာတွင် တွေ့ရှိရသည့် ထုပ်ပိုးခွံများ။

# ၂၀၂၅ ခုနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံးတွင် ငွေကျပ် ၁၇၆၁ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင်အသုံးပြုသည့် ဓာတုပစ္စည်းများဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၂**

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများအား အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် သတ်မှတ်၍ တားဆီးနှိမ်နင်းရေးအဖွဲ့များ ဖြစ်သည့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့မှ ဆက်စပ်ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ တစ်နိုင်ငံလုံးလွှမ်းခြုံသည့် မူးယစ်ဆေးဝါးသတင်းရယူဖော်ထုတ်ဖမ်းဆီးရမိရေး စီမံချက်ချမှတ်ပြီး တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ၂၀၂၅ ခုနှစ်အတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၅၃၇၀ မှုမှ တရားခံ ၇၅၆၂ ဦးတို့ကို ငွေကျပ် ၁၇၆၁ ဒသမ ၃၂၄ ဘီလီယံတန်ဖိုးရှိ ဘိန်း ၁ တန်ကျော်၊ ဘိန်းဖြူ ၂ ဒသမ ၁ တန်ကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၇ သန်းကျော်၊ အိုက်စ် ၃၇ ဒသမ ၈ တန်ကျော်၊ ဘိန်းစာရွက် ၁ ဒသမ ၅ တန်ကျော်၊ HAPPY WATER ၂၀၄ ကီလိုကျော်၊ ကက်တမင်း ၁၅ တန်ကျော် အပါအဝင် အခြား မူးယစ်ဆေးဝါးများနှင့်အတူ မောင်းပြန်ရိုင်ဖယ်နှစ်လက်၊ ပစ္စတိုသေနတ် အလက် ၄၀၊ လုပ်သေနတ် နှစ်လက်၊ ကျည်မျိုးစုံ ၂၇၆၄ တောင့်၊ လက်ပစ်ဗုံး ငါးလုံးနှင့် ဒီတိုနေတာမျိုးစုံ အချောင်း ၁၈၇၄၀၀ တို့အား ဖမ်းဆီးရမိခဲ့သည်။

အလားတူ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင်အသုံးပြုရန် တရားမဝင်တင်သွင်းလာသည့် ထိန်းချုပ်ဓာတုပစ္စည်း Caffeine ၂၂ ဒသမ ၇ တန်ကျော်၊ Acetone ၉၆၀ လီတာ၊ Toluene ၅၀၄၀ လီတာကျော်၊ Ammonium Chloride ၅ တန်၊ Sodium Cyanide ၂ တန်ကျော်၊ အခြားဓာတုပစ္စည်းများဖြစ်သည့် Sodium Carbonate ၅ တန်၊ Acetic Acid ၂၅၆၀၀ လီတာကျော်၊ Nitric Acid ၃၈၂၀ လီတာအပါအဝင် ထိန်းချုပ်ဓာတုပစ္စည်းများနှင့် အခြားဓာတုပစ္စည်းများအား ဖမ်းဆီးရမိခဲ့ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ပုံတတ်ကျေးရွာအနီး၌ ဘိန်းချက်စခန်းတစ်ခုကို ဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်) ကျေးရွာအနီး၌ စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်သည့်စခန်းနှစ်ခုကို ဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ တာချီလိတ်မြို့နယ် ဝမ်ကောင်းမွန်ကျေးရွာရှိ နေအိမ်မှ ဆေးပြားရိုက်စက်နှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။

ထို့ပြင် ၂၀၂၅-၂၀၂၆ ဘိန်းစိုက်ရာသီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့၌ ဘိန်းစိုက်ခင်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဆက်စပ်ဌာနဆိုင်ရာများ၊ ဌာနေပြည်သူ့စစ်အဖွဲ့ဝင်များ၊ ဒေသခံပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ဘိန်းစိုက်ခင်းစုစုပေါင်း ၅၀၈၄ ဒသမ ၅ ဧက (၂၀၅၇ ဒသမ ၆၆ ဟက်တာ) ကို ဖျက်ဆီးနိုင်ခဲ့ပြီး ဆက်လက်ဖျက်ဆီးလျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **သတင်းစဉ်**


| စဉ် | မူးယစ်ဆေးဝါးအမျိုးအစား | ၂၀၂၄ ခုနှစ် | | ၂၀၂၅ ခုနှစ် | | ရေတွက်ပုံ |
|---|---|---|---|---|---|---|
| | | အမှု | ပမာဏ | အမှု | ပမာဏ | |
| ၁ | ဘိန်း | ၇၅ | ၁.၇၁၉ | ၇၇ | ၁.၁၅၅ | တန် |
| ၂ | ဘိန်းဖြူ | ၄၅၀ | ၁.၉၇၈ | ၃၉၇ | ၂.၁၃ | တန် |
| ၃ | စိတ်ကြွရူးသွပ်ဆေးပြား | ၃၉၂၉ | ၂၂၇.၇၉၄ | ၃၈၀၇ | ၃၇၇.၁၀၉ | သန်း |
| ၄ | အိုက်စ် | ၇၀ | ၂၁.၀၄၈ | ၈၉ | ၃၇.၈၁၅ | တန် |
| ၅ | ဆေးခြောက် | ၄၇၈ | ၁.၁၈၅ | ၃၈၆ | ၀.၈၇၉ | တန် |
| ၆ | ဘိန်းစာရွက် | ၆၂ | ၁.၉၄၄ | ၆၂ | ၁.၅၁၁ | တန် |
| ၇ | ဘိန်းစာမှုန့် | ၁၈ | ၀.၁၇ | ၁၄ | ၀.၃၀၁ | တန် |
| ၈ | အက်တက်စီဆေးပြား | ၂၇ | ၀.၂၁၄ | ၃၀ | ၀.၀၆၅ | သန်း |
| ၉ | Happy Water | ၂၀၉ | ၂၁၆.၄၄၀ | ၂၄၄ | ၂၀၄.၉၅၉ | ကီလို |
| ၁၀ | ကက်တမင်း | ၈၆ | ၁.၆၅၁ | ၈၈ | ၁၅.၃၉၇ | တန် |
| ၁၁ | အခြားမူးယစ်ဆေးဝါး | ၁၀၅ | - | ၁၃၇ | - | - |
| ၁၂ | Caffeine | ၇ | ၂၄.၁ | ၇ | ၂၂.၇၅ | တန် |
| ၁၃ | Ammonium Chloride | - | - | ၃ | ၅ | တန် |
| ၁၄ | Sodium Cyanide | ၆ | ၃၀.၇ | ၅ | ၂.၃၄၆ | တန် |
| ၁၅ | Toluene | ၁ | ၄၄၀ | ၃ | ၅၀၄၀.၅ | လီတာ |
| ၁၆ | Acetic Acid | - | ၃၂၅ | ၁ | ၂၅၆၉၉ | လီတာ |
| ၁၇ | Nitric Acid | ၄ | ၄၉၂၆၀ | ၄ | ၃၈၂၀ | လီတာ |
| ၁၈ | အခြားဓာတုပစ္စည်းများ | ၆၆ | | ၁၆ | | |
| | အမှုပေါင်း | ၅၅၉၃ | | ၅၃၇၀ | | |
| | တရားခံပေါင်း | ၇၈၂၈ ဦး | | ၇၅၆၂ ဦး | | |
| | မြန်မာငွေကျပ်(ဘီလီယံ) | ၉၉၈.၆၀၄ | | ၁၇၆၁.၃၂၄ | | |

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ


ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိသည်။ ပုံ(၁)

ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ




၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း စခန်း ၃ စခန်းတို့မှ မိုးရေနမူနာများ စုဆောင်းရယူနိုင်ခဲ့သည်။

ပုံ (၂)၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ




မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃ စခန်းတို့မှ ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့သည်။ (ပုံ-၂)

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက် ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃ စခန်းတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေ မရှိပါကြောင်း တွေ့ရှိရသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | ကျိုင်းတုံ | ၆.၆ |
| ၂ | မှော်ဘီ | ၇.၁ |
| ၃ | ကော့သောင်း | ၆.၅ |


# ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ရန်ကုန်(ကမ္ဘာအေး)နှင့် ကျိုင်းတုံမြို့တို့၏ လေအရည်အသွေးအခြေအနေများ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၌ လေအရည်အသွေး စောင့်ကြည့်တိုင်းတာသည့်ကိရိယာ (FPM–377C) ဖြင့် လေထုအတွင်း (2.5µg) နှင့်အောက် သေးငယ်သောအမှုန်အမွှားများ ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ မိုးလေဝသရုံး၌ လေအရည်အသွေး စောင့်ကြည့်တိုင်းတာသည့်ကိရိယာ (Compact Air Quality Monitoring Station – AQM65) ဖြင့် မျက်နှာပြင်အိုဇုန်း (O3)၊ $PM_{10}$ နှင့် $PM_{2.5}$ တို့ကို ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိသည်။


တိုင်းတာရရှိခဲ့သည့် မှတ်တမ်းများအရ ဒီဇင်ဘာလအတွင်းတွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံးနှင့် ကျိုင်းတုံမြို့တို့၏ လေအရည်အသွေးအခြေအနေများ ($PM_{2.5}$) မှာ အသင့်အတင့်အဆင့်၌ ၂၃ ရက်စီနှင့် ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေးကို ထိခိုက်စေသောအဆင့်၌ ၈ ရက်စီ ရှိနေကြောင်း သုံးသပ်တွေ့ရှိရသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**


ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ





ကျိုင်းတုံမြို့၏ $PM_{2.5}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ




ကျိုင်းတုံမြို့၏ $PM_{10}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ




ကျိုင်းတုံမြို့၏ မျက်နှာပြင်အိုဇုန်း ($O_3$) ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း




လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်


| လေအရည်အသွေး အညွှန်းကိန်း (AQI) | လေအရည်အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ – ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှု အန္တရာယ် မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ – ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေး ထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ – ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေး ထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ – ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေး ထိခိုက်မှုရှိကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသော အုပ်စုများကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ – ၃၀၀ | ကျန်းမာရေးကိုအလွန် ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် – လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ – ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံးကျန်းမာရေး ထိခိုက်နိုင်ခြေပိုများသည်။ |

# ဂျီ-၇ ထိပ်သီးအစည်းအဝေး ကျင်းပမည့်ရက် ပြောင်းလဲသတ်မှတ်

**ပါရီ ဇန်နဝါရီ ၁၂**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ မွေးနေ့ပွဲနှင့် မတိုက်စေရန် ပြင်သစ်က ဇွန်လတွင် ကျင်းပမည့် ဂျီ-၇ ထိပ်သီးအစည်းအဝေးကို ရွှေ့ဆိုင်းထားကြောင်း ဥရောပမီဒီယာအများအပြားက ဖော်ပြသည်။

ပြင်သစ်နိုင်ငံက ယခုနှစ်တွင် ဂျီ-၇ ဥက္ကဋ္ဌအဖြစ် နိုင်ငံအရှေ့ပိုင်း အီဗီယန်လက်စ် ဗိန်းစ်မြို့၌ ဇွန်လ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပမည့် သုံးရက်ကြာထိပ်သီးအစည်းအဝေးကို ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။ ရွှေ့ဆိုင်းခဲ့သည့် အစည်းအဝေးကို ဇွန် ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။




အစည်းအဝေးရက် ပြောင်းလဲခြင်းသည်ထရမ့်၏ နှစ်(၈၀)မြောက် မွေးနေ့ဖြစ်သည့် ဇွန် ၁၄ ရက်တွင် ကျင်းပမည့် Ultimate Fighting Championship (အမေရိကန်လက်ဝှေ့ပွဲ)ကို ထည့်သွင်းစဉ်းစားခြင်းဖြစ်သည်ဟု မီဒီယာများက ဖော်ပြသည်။

ဂျီ-၇ မိတ်ဖက်များက ထိပ်သီးအစည်းအဝေးတွင် ထရမ့်၏ တက်ရောက်မှုသည် အရေးပါသည်ဟု ယုံကြည်ထားကြောင်းနှင့် အစည်းအဝေးစတင်ချိန်ကို ၎င်း၏အချိန်ဇယားအတိုင်း လိုက်လျော ညီထွေဖြစ်အောင် ပြောင်းလဲခဲ့ကြောင်း အိမ်ဖြူတော် အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

အသစ်ထပ်မံ ပြောင်းလဲလိုက်သည့်ရက်စွဲအသစ်များသည် ဂျီ-၇ မိတ်ဖက်များအားလုံးနှင့် ညှိနှိုင်းမှုရလဒ်များဖြစ်သည်ဟု ပြင်သစ်သမ္မတရုံးက ပြောကြားခဲ့သော်လည်း မည်သည့်အကြောင်းပြချက်မျှမပေးခဲ့ချေ။ **အင်န်အိတ်ချ်ကေ**

# ကမ္ဘောဒီးယားနိုင်ငံ၌ တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံထားသော ကားတာယာစက်ရုံ ဖွင့်လှစ်

**ဖနောင်ပင် ဇန်နဝါရီ ၁၂**

ကမ္ဘောဒီးယားနိုင်ငံအရှေ့တောင်ပိုင်း ဆွိုင်ရီန်းပြည်နယ်၌ တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံထားသော ကားတာယာစက်ရုံတစ်ရုံကို ဇန်နဝါရီ ၁၂ ရက်က ဖွင့်လှစ်ခဲ့ကြောင်း ကမ္ဘောဒီးယားဖွံ့ဖြိုးတိုးတက်ရေးကောင်စီ (စီဒီစီ) က သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသော ဘာဗက်မြို့ ဆင်ဘာဗက်အထူးစီးပွားရေးဇုန်တွင်တည်ရှိသော အဆိုပါစက်ရုံကို တရုတ်နိုင်ငံ ကွမ်ကျိုးစက်လုပ်ငန်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစု၏ လက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်သော ဝမ်လီတာယာကုမ္ပဏီက ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်ကြောင်း သိရသည်။

စက်ရုံဖွင့်ပွဲအခမ်းအနားတွင် ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ်နှင့် စီဒီစီ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဆွန်ချန်သိုးလ်က တရုတ်နိုင်ငံပြင်ပ ပထမဆုံးထုတ်လုပ်မှုအခြေစိုက်စခန်းအဖြစ် ကမ္ဘောဒီးယားနိုင်ငံကို ရွေးချယ်ခဲ့သည့်အတွက် ဝမ်လီတာယာကုမ္ပဏီကို ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ထို့အပြင် အဆိုပါစက်ရုံသည် အလုပ်အကိုင်အခွင့်အလမ်းများ၊ ကမ္ဘောဒီးယား လုပ်သားများထံ ခေတ်မီဗဟုသုတများနှင့် နည်းပညာလွှဲပြောင်းပေးခြင်းများအပါအဝင် ကမ္ဘောဒီးယားနိုင်ငံအတွက် အကျိုးကျေးဇူးများစွာရရှိလိမ့်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၅ ခုနှစ် ပထမ ၁၁ လအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၂ ဘီလီယံတန်ဖိုးရှိ ကားတာယာများကို တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ်ကထက် ၅၈ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောသည်။ **ဆင်ဟွာ**

# အင်ဒိုနီးရှားနိုင်ငံတစ်ဝန်း ဆန်စျေးနှုန်းတစ်ပြေးညီသတ်မှတ်မည့်မူဝါဒကျင့်သုံးရန် ပြင်ဆင်နေ

**ဂျကာတာ ဇန်နဝါရီ ၁၂**

အင်ဒိုနီးရှားနိုင်ငံ၌ ဒေသအသီးသီးကြား ဖြစ်ပေါ်နေသော ဆန်စျေးနှုန်း ကွာဟမှုများကို ထိန်းညှိရန် ၂၀၂၆ ခုနှစ်မှ စတင်ကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆန်စျေးနှုန်း တစ်ပြေးညီ သတ်မှတ်မည့်မူဝါဒကို ကျင့်သုံးရန် ပြင်ဆင်နေကြောင်း စားနပ်ရိက္ခာရေးရာ ညှိနှိုင်းရေးဝန်ကြီး ဇူလ်ကစ်ဖလီဟာဆန်၏ ပြောကြားချက်ကို ဒေသမီဒီယာများက ဇန်နဝါရီ ၁၂ ရက်တွင် ဖော်ပြထားသည်။

အဆိုပါ မူဝါဒသည် သယ်ယူပို့ဆောင်ရေးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ရန် အစိုးရက ဖြန့်ဖြူးမှုအတွက် ကျန်ကျစရိတ်များကို ထောက်ပံ့ပေးသွားမည် ဖြစ်သောကြောင့် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံအရှေ့ပိုင်းဒေသများအပါအဝင် နိုင်ငံတစ်ဝန်း ဆန်စျေးနှုန်းများကို တစ်သမတ်တည်း ဖြစ်စေရန် ရည်ရွယ်သည်ဟု ဆိုသည်။



နိုင်ငံအရှေ့ပိုင်း ဒေသများတွင် စျေးနှုန်းပိုမိုမြင့်မားလာမှုကို မလိုချင်ကြောင်း၊ ၂၀၂၆ ခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆန်စျေးနှုန်းကို တစ်ပြေးညီ သတ်မှတ်မည့် မူဝါဒကျင့်သုံးနိုင်ရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း စားနပ်ရိက္ခာ ညှိနှိုင်းအစည်းအဝေးအပြီးတွင် ဟာဆန်က ပြောကြားလိုက်ခြင်းဖြစ်သည်။

တစ်ပြေးညီ သတ်မှတ်မည့် ဆန်စျေးနှုန်းမူဝါဒမှာ ပြင်ဆင်နေဆဲအဆင့်တွင် ရှိနေသေးပြီး ဖြန့်ဖြူးခြင်း၊ ဘဏ္ဍာရေးနှင့် အခြေခံအဆောက်အအုံများ အစရှိသည့်ကဏ္ဍများတွင် ပေါင်းစပ်ညှိနှိုင်းပံ့ပိုးမှုများ လိုအပ်မည်ဖြစ်ကြောင်း ဟာဆန်က ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ**

# ဂျော်ဒန်နိုင်ငံက ဆီးရီးယားသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးပို့

**အမ်မန် ဇန်နဝါရီ ၁၂**

ဂျော်ဒန်နိုင်ငံသည် ဇန်နဝါရီ ၁၂ ရက်က လူသားချင်းစာနာထောက်ထားမှုဆိုင်ရာယာဉ်တန်းကို ဆီးရီးယားသို့ စေလွှတ်ခဲ့သည်ဟု စစ်ဘက်ဆိုင်ရာသတင်းရင်းမြစ်တွင် ဖော်ပြခဲ့သည်။

ဂျော်ဒန်တပ်ဖွဲ့ကဦးဆောင်သော အဆိုပါယာဉ်တန်းတွင် အခြေခံစားသောက်ကုန်နှင့် ဒုက္ခသည်ကူညီထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်လာသော ကုန်တင်ယာဉ် ၁၅ စီးပါရှိသည်။

အဆိုပါပေးပို့မှုသည် နိုင်ငံတွင်းဖြစ်ပွားနေသော လတ်တလောအခြေအနေများကြောင့် ထိခိုက်နစ်နာသူများ၏ စားဝတ်နေရေး ဝန်ထုပ်ဝန်ပိုးများကို သက်သာစေရန်ရည်ရွယ်ပြီး ထိရောက်သော ကူညီဖြန့်ဝေမှုများဖြစ်စေရန် ဆီးရီးယားအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

ဆီးရီးယားအစိုးရနှင့်ကာ့ဒ်ဦးဆောင်သည့်ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့များကြား ထိတွေ့မှုများဖြစ်ပွားပြီး ဆီးရီးယားနိုင်ငံ မြောက်ပိုင်း အလက်ပိုမှ ဒေသခံထောင်ပေါင်းများစွာ အိုးအိမ်စွန့်ခွာထွက်ပြေးနေချိန်တွင် ယခုလိုအကူအညီပေးရေး ယာဉ်တန်းရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ**

# မွန်ဂိုလီးယားနိုင်ငံက ၂၀၂၅ ခုနှစ်အတွင်း ကျောက်မီးသွေးတန်ချိန် ၈၃ ဒသမ ၉ သန်း ပြည်ပသို့တင်ပို့

**အူလန်ဘာတာ ဇန်နဝါရီ ၁၂**

မွန်ဂိုလီးယားနိုင်ငံသည် ၂၀၂၅ ခုနှစ်အတွင်း ကျောက်မီးသွေးတန်ချိန် စုစုပေါင်း ၈၃ ဒသမ ၉ သန်းပြည်ပသို့တင်ပို့နိုင်ခဲ့ကြောင်း မွန်ဂိုလီးယား အထွေထွေအကောက်ခွန်အဖွဲ့ (အမ်စီဂျီအေ) က ဇန်နဝါရီ ၁၂ ရက်တွင် ပြောကြားသည်။

အဆိုပါ အရေအတွက်မှာ ၂၀၂၄ ခုနှစ်ကထက် ၅ ဒသမ ၆ ရာခိုင်နှုန်း တိုးလာကြောင်း အမ်စီဂျီအေက ထုတ်ပြန်ထားသည်။

လက်ရှိတွင် မွန်ဂိုလီးယားနိုင်ငံ၏ စီးပွားရေးသည် သတ္တုတွင်းလုပ်ငန်းကဏ္ဍနှင့် သတ္တုအရင်းအမြစ်များအပေါ် အလွန်မှီခိုနေရကြောင်း၊ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း မွန်ဂိုလီးယားနိုင်ငံ၏ ပြည်ပပို့ကုန်စုစုပေါင်း၏ ၉၉ ဒသမ ၂ ရာခိုင်နှုန်းမှာ ကျောက်မီးသွေး၊ ကြေးနီစသည်တို့ကဲ့သို့ သတ္တုတွင်းကုန်ပစ္စည်းများပါဝင်ကြောင်း သိရသည်။

**ဆင်ဟွာ**



# အိန္ဒိယနိုင်ငံမြောက်ပိုင်း မီးလောင်မှုကြောင့် လူ ၁၀ ဦး သေဆုံး

**နယူးဒေလီ ဇန်နဝါရီ ၁၂**

အိန္ဒိယနိုင်ငံမြောက်ပိုင်း တောင်ကုန်းထူထပ်သည့် ဟီမာချယ်ပရာဒေ့ရှ်ပြည်နယ်၌ ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းက လူနေအဆောက်အအုံတစ်လုံး မီးလောင်ကျွမ်းခဲ့ပြီးနောက် သေဆုံးသူ ၁၀ ဦးအထိ မြင့်တက်လာခဲ့သည်ဟု ဒေသဆိုင်ရာအရာရှိတစ်ဦးက အတည်ပြုပြောကြားခဲ့သည်။

သစ်သားဖြင့်ပြုလုပ်ထားသည့် သုံးထပ်အဆောက်အအုံတစ်လုံး မီးလောင်မှုဖြစ်ပွားပြီးနောက် ပြိုကျခဲ့ရာ နီပေါဇာတိဖြစ်သည့် မိသားစုနှစ်စုမှ လူ ၁၀ ဦးစလုံးပိတ်မိခဲ့သည်။

မီးလောင်မှုဖြစ်ပွားချိန်တွင် မိသားစုများအားလုံး နှစ်ခြိုက်စွာအိပ်ပျော်နေခဲ့သည်။ မီးလောင်မှုကြောင့် သေဆုံးသွားသူများထဲတွင် အမျိုးသမီး ငါးဦးနှင့် ကလေးတစ်ဦးပါဝင်သည်။

မီးလောင်မှုသည် ဆိုလန်ဒေသ အာကီရေိယာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါနေရာသည် ပြည်နယ်မြို့တော် ရှီမလာအနောက်ဘက် ၃၈ ကီလိုမီတာအကွာတွင် တည်ရှိသည်။ **ဆင်ဟွာ**

# ရွေးကောက်ပွဲ အပိုင်း(၂)၌ ပြည်သူများ ယုံကြည်ချက်အပြည့်ဖြင့် အေးချမ်းစွာ ဆန္ဒမဲပေးမှုမြင်ကွင်းများ

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၂)ကို ဇန်နဝါရီ ၁၁ ရက် နံနက် ၆ နာရီမှ စတင်ကာ တစ်နိုင်ငံလုံးရှိ ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ထားသည့်နယ်မြေများ၌ ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများက ရွေးကောက်ပွဲကို ယုံကြည်ချက်အပြည့်ဖြင့် အေးချမ်းလွတ်လပ်စွာ ဆန္ဒမဲပေးခဲ့ကြသည်။


ချောင်းဦးမြို့နယ်
မြို့နယ်(ပြန်/ဆက်)


မိုင်းခတ်မြို့နယ်
နန်းနွယ်နီ(ပြန်/ဆက်)


ကံမမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ကဝမြို့နယ်
မြို့နယ်(ပြန်/ဆက်)


မင်းတုန်းမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ကျောက်ပန်းတောင်းမြို့နယ်
နေအောင်(ကျောက်ပန်းတောင်း)


မုဒုံမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ငဖဲမြို့နယ်
မြို့နယ်(ပြန်/ဆက်)


လှည်းကူးမြို့နယ်
ထက်ထက်(ပြန်/ဆက်)


ပေါက်ခေါင်းမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ပေါင်းတည်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


ရေတာရှည်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


တနင်္သာရီမြို့နယ်
မြို့နယ်(ပြန်/ဆက်)


သနပ်ပင်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


အရာတော်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


အထက်မင်းလှမြို့နယ်
ဝင်းမြတ်(အထက်မင်းလှ)


ရေဖြူမြို့နယ်
မြို့နယ်(ပြန်/ဆက်)


မဟာအောင်မြေမြို့နယ်
မြို့နယ်(ပြန်/ဆက်)

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ဘောဂဗေဒဘာသာရပ် သိကောင်းစရာများ

ဒေါက်တာစုစုမြတ်၊ ပါမောက္ခ(ဌာနမှူး) အသုံးချဘောဂဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် ဘောဂဗေဒဘာသာရပ်နှင့်ပတ်သက်သော အထောက်အကူပြုသိကောင်းစရာများအနေဖြင့် အပိုင်း(၂)ပိုင်းခွဲ၍ ဖော်ပြပါမည်။ ပထမပိုင်းတွင် စာမေးပွဲမေးခွန်းပုံစံကို ဖော်ပြမည်ဖြစ်ပြီး ဒုတိယပိုင်းတွင် ဖြေဆိုပုံ ဖြေဆိုနည်းများနှင့် သတိပြုရမည့်အချက်များကို ရှင်းလင်းပါမည်။

**တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံ**

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာတွင် မေးခွန်းအမျိုးအစား (၅)မျိုး ပါဝင်သည့် မေးခွန်း(၅)ပုဒ်ပါရှိပါသည်။ မေးခွန်း (၅)ပုဒ်လုံးကို ဖြေဆိုကြရမည်ဖြစ်သည်။ မေးခွန်းအမျိုးအစား (၅)မျိုးမှာ (၁) ဓမ္မဓိဋ္ဌာန်မေးခွန်းများ၊ (၂) အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ (၃) မှတ်စုတိုမေးခွန်း၊ (၄) မှတ်စုရှည်မေးခွန်းနှင့် (၅) တွက်ချက်မှုနှင့်သုံးသပ်ဖြေဆိုမှုများပြုလုပ်ရသည့်မေးခွန်းတို့ဖြစ်သည်။

**မေးခွန်းလွှာအမှတ်ခွဲဝေမှုပုံစံ**

| စဉ် | မေးခွန်းနံပါတ် | မေးခွန်းအမျိုးအစား | | ပေးမှတ် | |
|---|---|---|---|---|---|
| ၁ | ၁ ။ | ဓမ္မဓိဋ္ဌာန်<br>(က) မှား/မှန်<br>( ခ ) အဖြေမှန်ရွေးချယ်<br>( ဂ ) ကွက်လပ်ဖြည့် | <br>(၁၀)ခု<br>(၁၀) ခု<br>(၁၀) ခု | အားလုံးဖြေ<br>(၁ မှတ် x ၁၀ ခု)<br>(၁ မှတ် x ၁၀ ခု)<br>(၁ မှတ် x ၁၀ ခု) | (၃၀) မှတ် |
| ၂ | ၂ ။ | အဓိပ္ပာယ်ဖွင့်ဆိုချက် | (၁၀) ခု | (၅) ခု ရွေးချယ်ဖြေဆို<br>(၂ မှတ် x ၅ ခု) | (၁၀) မှတ် |
| ၃ | ၃ ။ | မှတ်စုတို | (၄) ပုဒ် | (၂ ) ပုဒ်<br>ရွေးချယ်ဖြေဆို<br>(၁၀ မှတ် x ၂ ပုဒ်) | (၂၀) မှတ် |
| ၄ | ၄ ။ | မှတ်စုရှည် | (၂) ပုဒ် | (၁) ပုဒ်<br>ရွေးချယ်ဖြေဆို<br>(၂၀ မှတ် x ၁ ပုဒ်) | (၂၀) မှတ် |
| ၅ | ၅ ။ | တွက်ချက်မှုနှင့်သုံးသပ်ဖြေဆိုမှု | (၂) ပုဒ် | (၂ ) ပုဒ်ဖြေ<br>(၁၀ မှတ် x ၂ ပုဒ်) | (၂၀) မှတ် |
| | | | | **စုစုပေါင်း** | **(၁၀၀)မှတ်** |

အထက်ပါဇယားအရ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၊ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာတွင် ပါဝင်သော မေးခွန်းပုံစံ(၅)မျိုးသည် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၊ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာတွင် ပါဝင်သောမေးခွန်းပုံစံများနှင့် တူညီပါသည်။ သို့သော် **သတိပြုရမည့်အချက်မှာ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၊ ဘောဂဗေဒဘာသာရပ်တွင် အချို့သော မေးခွန်းနံပါတ်များ၌ ရွေးချယ်ဖြေဆိုရန်ပေးထားသည့် အရေအတွက်ပြောင်းသွားခြင်းပင်ဖြစ်သည်။ မေးခွန်းနံပါတ်(၂) အဓိပ္ပာယ်ဖွင့်ဆိုချက်များ**ကို (၁၀)ခုပေးထားပြီး ကြိုက်နှစ်သက်ရာ(၅)ခုကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ အလားတူပင် **မေးခွန်းနံပါတ်(၄) မှတ်စုရှည်မေးခွန်းတွင်** (က)နှင့် (ခ)ဟူ၍ ရွေးချယ်စရာ(၂)ပုဒ် ပေးထားပြီး ကြိုက်နှစ်သက်ရာ(၁)ပုဒ်ကို ရွေးချယ်ဖြေဆိုရန်ဖြစ်သည်။ **မေးခွန်းနံပါတ်(၅) တွင်** တွက်ချက်မှုနှင့် သုံးသပ်ဖြေဆိုမှုပြုလုပ်ရသည့် မေးခွန်းများကို (က)နှင့် (ခ) ဟူ၍ မေးခွန်း (၂)ပုဒ် မေးထားပြီး ရွေးချယ်စရာမရှိဘဲ (၂)ပုဒ်လုံးကို ဖြေဆိုရပါမည်။

**ဖြေဆိုပုံဖြေဆိုနည်း**

**မေးခွန်းနံပါတ် (၁)**သည် ဓမ္မဓိဋ္ဌာန်မေးခွန်းများဖြစ်သည်။ မေးခွန်းနံပါတ်(၁) ကို ဖြေဆိုနိုင်ရန်အတွက် သင်ခန်းစာတိုင်း၏အဆုံးတွင် ဘောင်ခတ်၍ ဖော်ပြထားသော အဓိကအချက်များကို လေ့လာရုံမျှဖြင့် မလုံလောက်ကြောင်း သတိပြုရပါမည်။ သင်ခန်းစာတွင်ပါရှိသော သဘောတရားများနားလည်သဘောပေါက်မှုကို ဆန်းစစ်သည့် မေးခွန်းဖြစ်သည့်အတွက် သင်ခန်းစာကို ကောင်းစွာနားလည်မှသာ ဖြေဆိုနိုင်မည်ဖြစ်ပါသည်။ မေးခွန်းနံပါတ်(၁)အတွက် စုစုပေါင်းပေးမှတ်မှာ (၃၀)မှတ်ဖြစ်သည်။ မေးခွန်းနံပါတ်(၁)ကို (က)၊ (ခ) နှင့် (ဂ) ဟူ၍ (၃) ပိုင်းခွဲထားသည်။

**မေးခွန်း (၁-က)** ။ ။ ဤမေးခွန်းတွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ပေးထားသောဖော်ပြချက်ကို **မှား** သို့မဟုတ် **မှန်** ဖြေဆိုရန်ဖြစ်ပါသည်။ မေးခွန်းစာကြောင်းပြန်ရေးရန်မလိုဘဲ အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ ဥပမာ - 'အစွန်းထွက်ထုတ်ကုန်တိုးတက်လာခြင်းသည် ထုတ်လုပ်မှုတွင် အသုံးပြုသည့် ပုံသေသွင်းအားစုနှင့် သွင်းအားစုရှင်အချိုးမြင့်မားနေသည့်အဆင့်များတွင်သာဖြစ်ပေါ်မည်။' ဟူသော ဖော်ပြချက်အတွက် အဖြေမှာ 'မှန်' ဖြစ်သည့်အတွက် 'မှန်' ဟုသာ ဖြေဆိုရန်ဖြစ်သည်။ အဖြေလွှာစစ်ဆေးသူ (စာစစ်သူ) ဖတ်၍ မရသော၊ မှား/မှန် မကွဲပြားသော အဖြေများအတွက် အမှတ်မရရှိနိုင်ပါ။ ထို့ကြောင့် ဖြေဆိုသူက အဖြေကို ပီပီသသ၊ မှန်မှန်ကန်ကန် ဖော်ပြဖြေဆိုရပါမည်။ မေးခွန်းဖော်ပြချက် (၁၀)ခုအတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်း ပေးမှတ်မှာ (၁၀)မှတ်ဖြစ်သည်။

**မေးခွန်း (၁-ခ)** ။ ။ ဤမေးခွန်းတွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ဖော်ပြချက်တစ်ခုစီတွင် (က)၊ (ခ) နှင့် (ဂ) ဟူ၍ အဖြေ (၃)မျိုး ပေးထားသည့်အနက် အဖြေမှန်တစ်ခုကိုသာ ရွေးချယ်ရန်ဖြစ်သည်။ မေးခွန်းစာကြောင်းပြန်ရေးရန်မလိုဘဲ အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ ဥပမာ 'ကုန်စည်တစ်ခုအတွက် ဝယ်လိုအား၏ဝင်ငွေအလျော့အတင်းသည် အနုတ်လက္ခဏာဆောင်ပါက ထိုကုန်စည်သည် (က) မရှိမဖြစ်ကုန်စည် (ခ) သာမန်ကုန်စည် (ဂ) ကုန်ညံ့ဖြစ်သည်။' ဟူသော ဖော်ပြချက်တွင် အဖြေမှာ (ဂ) ကုန်ညံ့ဖြစ်သည်။ ထို့ကြောင့် အဖြေကို **(၁) (ဂ)** သို့မဟုတ် **(၁)(ဂ)** ကုန်ညံ့ ဟု ဖြေဆိုရန်ဖြစ်သည်။ မေးခွန်း ဖော်ပြချက် (၁၀)ခုအတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်းပေးမှတ် (၁၀)မှတ် ဖြစ်သည်။

**မေးခွန်း (၁-ဂ)** ။ ။ ဤမေးခွန်းတွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ဖော်ပြချက်တစ်ခုစီတွင် ဖြေဆိုသူက ပေးထားသောဖော်ပြချက်စာကြောင်း၏ လိုအပ်သည့်ကွက်လပ်အတွက် အဖြေမှန်ကို ဖြည့်စွက်ပေးရန်ဖြစ်သည်။ မေးခွန်းစာကြောင်းကို ပြန်ရေးသားရန်မလိုဘဲ ဖြည့်စွက်ရမည့်အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ တိကျသော အဖြေဖြစ်ရန်နှင့် စာလုံးပေါင်းမှန်ရန် လိုအပ်ပါသည်။ ဥပမာ'ငွေကြေးမူဝါဒ၏ ကန့်သတ်ချက်အနေဖြင့် အတိုးနှုန်းပြောင်းလဲမှုအပေါ် စီးပွားရေးလုပ်ဆောင်ချက်များက တုံ့ပြန်ရာတွင် --------ရှိနေသည်။' ဟူသော မေးခွန်းအတွက်အဖြေမှာ 'အချိန်ကွာဟမှု' ဖြစ်ရာ ယင်းအဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ မေးခွန်းဖော်ပြချက် (၁)ခုလျှင် (၁)မှတ်ဖြင့် (၁၀)ခုအတွက် စုစုပေါင်း ပေးမှတ် (၁၀)မှတ်ဖြစ်သည်။

**မေးခွန်းနံပါတ်(၂)**တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို မေးထားရာ၌ ပြဋ္ဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များအတိုင်း တိတိကျကျပြည့်စုံစွာ ဖြေဆိုရန်လိုအပ်ပါသည်။ ဖြေဆိုရာတွင် တိကျမှန်ကန်ပြည့်စုံပါက အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုအတွက် (၂)မှတ်အပြည့်၊ မှန်ကန်သော်လည်း မပြည့်စုံပါက (၁)မှတ်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက် မှားယွင်းပါက (၀)မှတ်ဟု အမှတ်ပေးစည်းမျဉ်း ချမှတ်စစ်ဆေးလေ့ရှိသဖြင့် ဂရုစိုက်ဖြေဆိုကြရန်ဖြစ်ပါသည်။ အဓိပ္ပာယ်ဖွင့်ဆိုချက် တစ်ခုလျှင် (၂)မှတ်နှင့် (၅)ခု ဖြေဆိုရသည့်အတွက် စုစုပေါင်းပေးမှတ်မှာ (၁၀)မှတ် ဖြစ်သည်။

**မေးခွန်းနံပါတ်(၃)**တွင် (၁၀)မှတ်တန် မှတ်စုတို (၄)ပုဒ် ပေးထားပြီး နှစ်သက်ရာ (၂)ပုဒ်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်းနံပါတ်(၃)အတွက် မှတ်စုတို(၁)ပုဒ်လျှင်(၁၀)မှတ်နှင့် (၂)ပုဒ်အတွက် ပေးမှတ်မှာ (၂၀)မှတ်ဖြစ်သည်။ **မေးခွန်းနံပါတ် (၄)**တွင် အမှတ်(၂၀)မှတ်တန် မှတ်စုရှည် (၂)ပုဒ်ပေးထားပြီး နှစ်သက်ရာ(၁)ပုဒ်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ မှတ်စုတိုနှင့် မှတ်စုရှည်မေးခွန်းများကို ဖြေဆိုနိုင်ရန်မှာ ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာအားလုံးကို နှံ့စပ်စွာဖတ်ရှုလေ့လာရန် အထူးလိုအပ်ပါသည်။ အချက်အလက်များကို ဖော်ပြရှင်းလင်းရန်ဟုမေးပါက အဖြေလွှာစစ်ဆေးသူ ရှင်းလင်းစွာစစ်ဆေးနိုင်ရန် မေးထားသည့်အချက်အလက်များကို ဦးစွာဖော်ပြပြီးမှ (၁)ချက်ချင်းစီကို ရှင်းလင်းဖြေဆိုသင့်ပါသည်။

**မေးခွန်းနံပါတ် (၅)**တွင် တွက်ချက်မှုနှင့် သုံးသပ်ဖြေဆိုမှုပြုလုပ်ရသည့် မေးခွန်းများကို (က)နှင့် (ခ) ဟူ၍ မေးခွန်း(၂)ခု မေးထားပြီး (၂)ခုလုံးကို ဖြေဆိုရပါမည်။ မေးခွန်းနံပါတ်(၅)အတွက် ပေးမှတ်မှာ (၂၀) မှတ် ဖြစ်သည်။ မေးခွန်းနံပါတ်(၅)တွင် ပေးထားသောကိန်းဂဏန်းများနှင့် အချက်အလက်များကို အသုံးပြု၍ တွက်ချက်ခြင်း၊ မျဉ်းကွေးများ ရေးဆွဲခြင်း၊ သုံးသပ်ခြင်းများ ပြုလုပ်ဖြေဆိုရသည့်အတွက် သင်ခန်းစာပါ သဘောတရားများအပေါ် နားလည်တတ်ကျွမ်းမှုကို ဆန်းစစ်သောမေးခွန်းများဖြစ်သည်။ တိကျမှန်ကန်စွာဖြေဆိုနိုင်ပါက အမှတ်ပြည့်ရရှိနိုင်သော်လည်း တွက်ချက်မှုနှင့်သုံးသပ်ချက်များ မှားယွင်းပါက အမှတ်လျော့လွယ်သော မေးခွန်းပုံစံဖြစ်ပါသည်။ ထို့ကြောင့် မေးခွန်းနံပါတ်(၅)နှင့် ပတ်သက်၍ အထူးအလေးပေး ရှင်းလင်းပါမည်။

မေးခွန်းနံပါတ်(၅)တွင် တွက်ချက်မှုနှင့်သုံးသပ်ဖြေဆိုမှု ပြုလုပ်ရသည့်မေးခွန်းများကို မေးနိုင်သည့် အခန်းမှာ (၄)ခန်းရှိသည်။ ယင်းအခန်းများမှာ သင်ခန်းစာ အခန်း(၁)၊ အခန်း(၂)၊ အခန်း(၃)နှင့် အခန်း(၇) တို့ဖြစ်ကြသည်။

**အခန်း(၁)'ဝယ်လိုအားအလျော့အတင်းနှင့် ရောင်းလိုအားအလျော့အတင်း'** အခန်းတွင် အလျော့အတင်းပုစ္ဆာပုံစံ(၅)မျိုးရှိသည်။ (က) ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်း၊ (ခ) စုစုပေါင်း ရောင်းရငွေနှင့်ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်းဆက်စပ်ပုံ၊ (ဂ)ဝယ်လိုအား၏ အပြန်အလှန်အလျော့အတင်း၊ (ဃ) ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်းနှင့် (င) ရောင်းလိုအားအလျော့အတင်းတို့ဖြစ်သည်။

ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်း၊ ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်း၊ ဝယ်လိုအား၏ အပြန်အလှန်အလျော့အတင်းနှင့် ရောင်းလိုအားအလျော့အတင်းများကို တွက်ချက်စေသော မေးခွန်းများတွင် မေးထားသည့် အလျော့အတင်း၏အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖော်ပြ ဖြေဆိုရပါမည်။ ထို့နောက် တွက်ချက်မှုနှင့် သုံးသပ်မှုကိုပြုလုပ်ရပါမည်။ ဥပမာ - ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း ပုစ္ဆာမေးခွန်းကို ဖြေဆိုရာတွင် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသောကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ တွက်ချက်ရပါမည်။ ထို့နောက် တွက်ချက်ရရှိသောအဖြေကို ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်း သဘောတရားများအရ သုံးသပ်ဖြေဆိုရမည်။ ထို့အတူ အခြားသောအလျော့အတင်း ပုစ္ဆာမေးခွန်းများကို ဖြေဆိုရာတွင်လည်း အထက်ပါအတိုင်းဖြေဆိုရမည်။ အလျော့အတင်း ပုစ္ဆာမေးခွန်းများအတွက် သုံးသပ်ရာတွင် မှတ်သားရမည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

**(က) ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း(Ed )**အတွက် အချက်(၃)ချက် သုံးသပ်ရပါမယ်။

(၁) ကုန်စည်၏ဝယ်လိုအားအလျော့အတင်း အနည်း/အများကို သုံးသပ်ရပါမည်။ ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း (Ed) အနည်း/အများကို သုံးသပ်ရာတွင် အနုတ်လက္ခဏာကိုမစဉ်းစားဘဲ ပကတိတန်ဖိုးကို စဉ်းစားရမှာဖြစ်သည်။ ဥပမာ Ed ရဲ့တန်ဖိုး -၁.၆ ဖြစ်ပါက Ed သည် ၁ ထက်ကြီးသဖြင့် အလျော့အတင်းများသည်ဟု သုံးသပ်နိုင်သည်။ Ed ၏တန်ဖိုး - ၀.၆ ဖြစ်ပါက ပကတိတန်ဖိုးအရ Ed သည် ၁ ထက်ငယ်သောကြောင့် အလျော့အတင်းနည်းသည်ဟု သုံးသပ်နိုင်သည်။

(၂) ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်းတန်ဖိုးသည် အမြဲတမ်း အနုတ်လက္ခဏာဖြစ်ရသည့် အကြောင်းရင်းကို ဖော်ပြရမည်။ (ကုန်စည်၏ဈေးနှုန်းနှင့်ဝယ်ယူသောအရေအတွက်သည် ပြောင်းပြန်ဆက်စပ်သဖြင့် Ed တန်ဖိုးသည် အမြဲလို အနုတ်တန်ဖိုးဖြစ်သည်။)

(၃) ဈေးနှုန်း ၁% မြင့်တက်သွားပါက ဝယ်ယူသောအရေအတွက် ရာခိုင်နှုန်းမည်မျှ လျော့နည်းသွားသည် (သို့မဟုတ်) ဈေးနှုန်း ၁% ကျဆင်းသွားပါက ဝယ်ယူသောအရေအတွက် ရာခိုင်နှုန်း မည်မျှတိုးသွားသည်ကို သုံးသပ်ရပါမည်။

**(ခ) စုစုပေါင်းရောင်းရငွေနှင့် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်းဆက်စပ်ပုံ**ကိုလည်း လေ့လာထားရန်လိုအပ်ပါသည်။ တွက်ချက်ရရှိသော ဝယ်လိုအားအလျော့အတင်းတန်ဖိုးအရ ကုန်စည်၏ ဝယ်လိုအားအလျော့အတင်းအနည်း/အများကို သုံးသပ်နိုင်သကဲ့သို့ အလျော့အတင်းတန်ဖိုးကို မတွက်ချက်ဘဲ ဈေးနှုန်းပြောင်းလဲမှုနှင့် စုစုပေါင်းရောင်းရငွေ ပြောင်းလဲမှုအရလည်း ကုန်စည်၏ဝယ်လိုအားအလျော့အတင်းအနည်း/အများကို ခန့်မှန်းနိုင်ကြောင်း သိရှိထားရန်လိုအပ်သည်။ **ဇယားတွင် ဖော်ပြထားသည့်**

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

**အချက်အလက်များအရ ဈေးနှုန်း၊ စုစုပေါင်းရောင်းရငွေနှင့် ဝယ်လိုအား အလျော့အတင်းတို့၏ ဆက်စပ်မှုများကို ရှင်းလင်းဖြေဆိုပါဟူသော မေးခွန်းမျိုးတွင် ဝယ်လိုအား၏ ဈေးနှုန်း အလျော့အတင်း (Ed )ကို တွက်ချက်ဖော်ပြရန်မလိုအပ်ပါ**။ ဥပမာ အောက်ဖော်ပြပါ ဇယားတွင် ဈေးနှုန်းနှင့် ဝယ်ယူသည့် အရေအတွက်များကို ဖော်ပြထားသည်

| ဈေးနှုန်း (ကျပ်) | အရေအတွက် ယူနစ် | စုစုပေါင်း ရောင်းရငွေ (ကျပ်) | အလျော့အတင်း (Ed) |
|---|---|---|---|
| ၇၀ | ၂ | ၁၄၀ | - |
| ၆၀ | ၄ | ၂၄၀ | များ |
| ၅၀ | ၆ | ၃၀၀ | များ |
| ၄၀ | ၈ | ၃၂၀ | များ |
| ၃၀ | ၁၀ | ၃၀၀ | နည်း |
| ၂၀ | ၁၂ | ၂၄၀ | နည်း |

ဇယားပါအချက်အလက်များအရ **ဈေးနှုန်းနှင့်အရေအတွက်ကိုမြှောက်ခြင်းဖြင့် စုစုပေါင်းရောင်းရငွေကိုတွက်ချက်ရရှိမည်**။ ဇယားတွင် ဈေးနှုန်းများကိုကြည့်ပါက ကျဆင်းနေကြောင်းကို တွေ့ရသည်။ ရောင်းရငွေကိုကြည့်ပါက ရောင်းရငွေတိုးလာပြီး **ဈေးနှုန်း (၄၀)ကျပ်မှာ (၃၂၀)ကျပ်ဖြစ်ပြီး အများဆုံးဖြစ်ပါသည်**။ ဈေးနှုန်း (၃၀)ကျပ်မှစ၍ ရောင်းရငွေ ကျဆင်းသွားပါသည်။ ထို့ကြောင့် **ဆက်စပ်မှုကိုကြည့်သောအခါ** ဈေးနှုန်း (၇၀)ကျပ်မှ (၄၀)ကျပ်အထိတစ်ပိုင်း၊ ဈေးနှုန်း (၄၀)ကျပ်မှ (၂၀)ကျပ်အထိ တစ်ပိုင်း ပိုင်းခြားပြီး သုံးသပ်ရပါမည်။ **သုံးသပ်ပုံမှာ** – ဈေးနှုန်းသည် (၇၀)ကျပ်မှ (၆၀)ကျပ်၊ (၅၀)ကျပ်နှင့် (၄၀)ကျပ်သို့ ကျဆင်းသွားသောအခါ ဝယ်ယူသောအရေအတွက်များသည် တိုးလာပြီး ရောင်းရငွေမှာလည်း (၁၄၀)ကျပ်မှ (၂၄၀)ကျပ်၊ (၃၀၀)ကျပ်နှင့် (၃၂၀)ကျပ်သို့ တိုးသွားသည်။ ဝယ်ယူသည့် အရေအတွက်တိုးလာခြင်းသည် ဈေးနှုန်းကျဆင်းခြင်းထက် အချိုးအစားများသောကြောင့် ရောင်းရငွေတိုးလာခြင်းဖြစ်သည်။ **ဈေးနှုန်းသည် (၇၀)ကျပ်မှ (၆၀)ကျပ်၊ (၅၀)ကျပ်နှင့် (၄၀)ကျပ်သို့ ကျဆင်းသွားသောအခါ** ဈေးနှုန်းပြောင်းလဲမှုနှင့် ရောင်းရငွေပြောင်းလဲမှု ပြောင်းပြန်ဆက်စပ်နေသဖြင့် ဝယ်လိုအားအလျော့အတင်းများသည်ဟု သုံးသပ်နိုင်သည်။

**ဈေးနှုန်းသည် (၄၀)ကျပ်မှ (၃၀)ကျပ်နှင့် (၂၀)ကျပ်သို့ ဆက်လက်ကျဆင်းသွားသောအခါ** ဝယ်ယူသောအရေအတွက်များသည် တိုးလာပြီး ရောင်းရငွေမှာ (၃၂၀)ကျပ်မှ (၃၀၀)ကျပ်နှင့် (၂၄၀)ကျပ်သို့ ကျဆင်းသွားသည်။ ဝယ်ယူသည့်အရေအတွက်တိုးလာခြင်းသည် ဈေးနှုန်းကျဆင်းခြင်းထက် အချိုးအစားနည်းသောကြောင့် ရောင်းရငွေလျော့နည်းသွားခြင်းဖြစ်သည်။ ထို့ကြောင့် ဈေးနှုန်းသည် (၄၀)ကျပ်မှ(၃၀)ကျပ်နှင့် (၂၀)ကျပ်သို့ ကျဆင်းသွားသောအခါ ရောင်းရငွေကျဆင်းသွားသည်။ ဈေးနှုန်းပြောင်းလဲမှုနှင့် ရောင်းရငွေပြောင်းလဲမှု တိုက်ရိုက်ဆက်စပ်နေသဖြင့် ဝယ်လိုအား အလျော့အတင်းနည်းသည်ဟု သုံးသပ်နိုင်သည်။

**(ဂ) ဝယ်လိုအား၏ အပြန်အလှန်အလျော့အတင်း (Exy)** ကို သုံးသပ်ရာတွင်လည်း အချက် (၃)ချက် သုံးသပ်ရပါမည်။

(၁) ကုန်စည်၏ဝယ်လိုအားအလျော့အတင်း အနည်း/အများကို သုံးသပ်ရမည်။ Exy ၏ တန်ဖိုး ၁ ထက်ကြီးပါက အလျော့အတင်းများပြီး၊ Exy ၏တန်ဖိုး ၁ ထက်ငယ်ပါက အလျော့အတင်းနည်းသည်ဟု သုံးသပ်ရမည်။

(၂) တွက်ချက်ရရှိသော အပြန်အလှန်အလျော့အတင်း (Exy) ၏ လက္ခဏာကိုသုံးသပ်ရမည်။ Exy သည် အပေါင်း (+) လက္ခဏာဆောင်ပါက ကုန်စည် X ကိုဝယ်ယူသောအရေအတွက်နှင့် ကုန်စည် Y ၏ ဈေးနှုန်းတိုက်ရိုက်ဆက်စပ်သဖြင့် ကုန်စည် X နှင့် ကုန်စည် Y သည် အစားထိုးကုန်စည်များဖြစ်ကြသည်ဟုသုံးသပ်ရမည်။ Exy သည် အနုတ်(–) လက္ခဏာဆောင်ပါက ကုန်စည် X ကို ဝယ်ယူသောအရေအတွက်နှင့် ကုန်စည် Y ၏ဈေးနှုန်း ပြောင်းပြန်ဆက်စပ်သဖြင့် ကုန်စည် X နှင့် ကုန်စည် Y သည် တွဲဖက်ကုန်စည်များဖြစ်ကြသည်ဟုသုံးသပ်ရမည်။

(၃) ကုန်စည် Y ၏ဈေးနှုန်း ၁% ပြောင်းလဲခြင်း (တက်ခြင်း/ကျခြင်း)ကြောင့် ကုန်စည် X ကိုဝယ်ယူသော အရေအတွက် ရာခိုင်နှုန်းမည်မျှပြောင်းလဲသွားသည်(တိုးသွားသည်/လျော့သွားသည်)ကို သုံးသပ်ရမည်။

**(ဃ) ဝယ်လိုအား၏ဝင်ငွေအလျော့အတင်း (Ey)** ကို သုံးသပ်ရာတွင်လည်း အချက်(၃)ချက် သုံးသပ်ရပါမည်။

(၁) ကုန်စည်၏ဝယ်လိုအားအလျော့အတင်း အနည်း/အများကို သုံးသပ်ရမည်။ Ey ၏ တန်ဖိုး ၁ ထက်ကြီးပါက အလျော့အတင်းများပြီး၊ Ey ၏ တန်ဖိုး ၁ ထက်ငယ်ပါက အလျော့အတင်းနည်းသည်ဟု သုံးသပ်ရမည်။

(၂) တွက်ချက်ရရှိသော ဝင်ငွေအလျော့အတင်းတန်ဖိုး၏ လက္ခဏာကိုသုံးသပ်ရမည်။

(၃) ဝင်ငွေ ၁% ပြောင်းလဲခြင်းကြောင့် ဝယ်ယူသောအရေအတွက်ပြောင်းလဲမှုရာခိုင်နှုန်းကို သုံးသပ်ရမည်။ Ey တန်ဖိုး အပေါင်းလက္ခဏာ(+) လက္ခဏာဆောင်ပါက ဝင်ငွေတိုးလျှင် ကုန်စည်အတွက် ဝယ်လိုအားတိုးသည်။ ထို့ကြောင့် သာမန်ကုန်စည်ဟုသုံးသပ်နိုင်သည်။ Ey တန်ဖိုး အနုတ်လက္ခဏာ (–) ဆောင်ပါက ဝင်ငွေတိုးလျှင် ကုန်စည်အတွက်ဝယ်လိုအားကျဆင်းသွားသည်။ ထို့ကြောင့် ကုန်စည်သည် ကုန်ညံ့ဖြစ်သည်ဟုသုံးသပ်နိုင်သည်။ Ey တန်ဖိုးသည် သုည (၀) ဖြစ်ပါက ဝင်ငွေပြောင်းလဲမှုသည် ဝယ်လိုအား အပေါ် အကျိုးသက်ရောက်မှုမရှိပါ။ ထို့ကြောင့် ကုန်စည်သည် မရှိမဖြစ်လိုအပ်သော ကုန်စည်၊ အခြေခံကုန်စည်ဖြစ်ကြောင်း သုံးသပ်ရမည်။

(၃) သာမန်ကုန်စည်ဖြစ်ပါက ဝင်ငွေ ၁ % (တက်)သွားလျှင် ဝယ်ယူသောအရေအတွက် ရာခိုင်နှုန်းမည်မျှ (တက်)သွားသည်။ ကုန်ညံ့ဖြစ်ပါက ဝင်ငွေ ၁ % (တက်)သွားလျှင် ဝယ်ယူသောအရေအတွက် ရာခိုင်နှုန်းမည်မျှ(ကျဆင်း)သွားသည် စသဖြင့်သုံးသပ်ရမည်။

**(င) ရောင်းလိုအား၏ ဈေးနှုန်းအလျော့အတင်း(Es)**ကို သုံးသပ်ရာတွင်လည်း အချက် (၃)ချက် သုံးသပ်ရမည်။

(၁) ရောင်းလိုအား၏ ဈေးနှုန်းအလျော့အတင်း အနည်း/အများ ကိုသုံးသပ်ရမည်။ (Es သည် ၁ ထက်ကြီးပါက အလျော့အတင်းများသည်ဟုသုံးသပ်နိုင်သည်။ Es သည် ၁ ထက်ငယ်ပါက အလျော့အတင်းနည်းသည် ဟုသုံးသပ်နိုင်သည်။)

(၂) ရောင်းလိုအားအလျော့အတင်းတန်ဖိုးသည် အမြဲတမ်းအပေါင်းကိန်းဖြစ်ရသည့် အကြောင်းရင်းကို သုံးသပ်ရမည်။ (ကုန်စည်၏ဈေးနှုန်းနှင့် ရောင်းချသောအရေအတွက် တိုက်ရိုက်ဆက်စပ်သဖြင့် Es တန်ဖိုးသည် အပေါင်းကိန်းဖြစ်သည်။)

(၃) ဈေးနှုန်း ၁ %(တက်ခြင်း/ကျခြင်း)ကြောင့် ရောင်းချသောအရေအတွက် (အတိုး/အလျော့) ရာခိုင်နှုန်းများကို သုံးသပ်ရမည်။

**အလျော့အတင်းပုစ္ဆာများတွက်ရာတွင် သတိပြုရမည့်အချက်များမှာ** ပုံသေနည်းကိုဖော်ပြရာတွင် မှားယွင်းမှုမရှိစေရန် ၊ ∆Q နှင့် ∆P တန်ဖိုးများကို မှားယွင်းထည့်သွင်းခြင်း ၊ ∆Q နှင့် ∆Y တန်ဖိုးများကို မှားယွင်းထည့်သွင်းခြင်းမရှိစေရန်နှင့် တွက်ချက်ရရှိသောအလျော့အတင်းတန်ဖိုးတွင်(%)မထည့်ရန်တို့ ဖြစ်ကြသည်။

**အခန်း(၂) ‘ထုတ်လုပ်မှုသီအိုရီ’ အခန်းတွင်** စုစုပေါင်းထုတ်ကုန်၊ ပျမ်းမျှထုတ်ကုန်နှင့် အစွန်းထွက်ထုတ်ကုန်ဆိုင်ရာမေးခွန်းမျိုးတွင် ပေးထားသော ကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ ထုတ်ကုန်များတွက်ချက်ပုံ၊ ထုတ်ကုန်မျဉ်းကွေးများရေးဆွဲပုံ၊ ထုတ်ကုန်မျဉ်းကွေးများ၏ ဆက်စပ်ပုံနှင့် ထုတ်လုပ်မှုအဆင့်များ ပိုင်းခြားသတ်မှတ်ပုံများကို သိရှိထားရန်လိုအပ်ပါသည်။ ဖြေဆိုရာတွင် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသောကိန်းဂဏန်းအချက်အလက်များအရ တွက်ချက်ရရှိသည့် ထုတ်ကုန်အရေအတွက်များကို ဇယားတွင် ဖြည့်စွက်ဖြေဆိုရပါသည်။

**မျဉ်းကွေးများရေးဆွဲထားသောပုံတွင် ထုတ်လုပ်မှုအဆင့်များ ပိုင်းခြားရာ၌** မူရင်းမှတ်မှ AP အမြင့်ဆုံး (သို့မဟုတ်) AP နှင့် MP မျဉ်းကွေးများ ဖြတ်သောအမှတ်ထိသည် အဆင့်(၁)ဟု ပိုင်းခြား သတ်မှတ်ရပါမည်။ TP အမြင့်ဆုံး (သို့မဟုတ်) MP= 0 ဖြစ်သောအမှတ်အထိ ထုတ်လုပ်မှုအဆင့်(၂) ဖြစ်ပြီး MP တန်ဖိုး အနုတ် (–)ဖြစ်သောအပိုင်းသည် ထုတ်လုပ်မှုအဆင့်(၃)ဟု သတ်မှတ်ရပါမည်။ ထုတ်လုပ်သူသည် အဆင့်(၂) အတွင်း၌သာ ထုတ်လုပ်မှာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အဆင့် (၂)အတွင်း AP နှင့် MP နှစ်မျိုးလုံး အပေါင်းလက္ခဏာဖြစ်ပြီး အဆင့် (၂) ၏ အဆုံးအမှတ်သည် TP အမြင့်ဆုံးဖြစ်သော အမှတ်ဖြစ်ပါသည်။ ထို့ကြောင့် AP အမြင့်ဆုံးအမှတ်နှင့် MP သုည(၀)ဖြစ်သော အမှတ်ကြားရှိ အဆင့်(၂)တွင် လုပ်ငန်းလည်ပတ်ခြင်းသည် အသင့်လျော်ဆုံးဖြစ်သည်။ လုပ်သားဦးရေ မည်မျှငှားရမ်းအသုံးပြုရမည်ကိုလည်း ဆုံးဖြတ်တတ်ရပါမည်။

လျော့နည်းသွားသော ပြန်ရချက်ဥပဒေသရဲ့သဘောကို သိရှိရပါမည်။ **မည်သည့် ထုတ်ကုန်အပိုင်းက လျော့နည်းသွားသော ပြန်ရချက်ဥပဒေသကို ဖော်ပြနေသလဲ** ဆိုတာကိုလည်း သိရှိရပါမည်။ ကျဆင်းနေသော အစွန်းထွက်ထုတ်ကုန်အပိုင်းသည် လျော့နည်းသွားသော ပြန်ရချက်ဥပဒေသကို ဖော်ပြနေပါသည်။ **တွက်ချက်မှုအရ လုပ်သားဦးရေဘယ်လောက်မှာ MP စတင် ကျဆင်းသွားသည်ဆိုတာကို ကြည့်ရပါမည်။** ဥပမာ ဇယားမှ MP တန်ဖိုးများကိုကြည့်ရာတွင် လုပ်သားဦးရေ ၄ ဦးမှာ MP တန်ဖိုးက အများဆုံးဖြစ်နေတယ်ဆိုပါစို့၊ လုပ်သား ၄ ဦးထက်ကျော်ပါက MP စတင်ကျဆင်းပါပြီ။ လုပ်သားဦးရေ ၄ ဦးမှာ MP အမြင့်ဆုံးဖြစ်နေပြီး၊ လုပ်သားဦးရေ ၄ ဦးထက်ကျော်၍ သုံးစွဲသောအခါ ကျဆင်းနေသော အစွန်းထွက်ထုတ်ကုန်အပိုင်းသည် လျော့နည်းသွားသော ပြန်ရချက်ဥပဒေသကို ဖော်ပြသည်ဟု သုံးသပ်နိုင်ပါသည်။

**အခန်း(၃) ‘စရိတ်သီအိုရီ’ အခန်း**တွင် စုစုပေါင်းစရိတ်၊ ပျမ်းမျှစရိတ်နှင့် အစွန်းထွက်စရိတ်ဆိုင်ရာ မေးခွန်းမျိုးတွင် ပေးထားသောကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ စရိတ်အမျိုးမျိုး တွက်ချက်ပုံ၊ စရိတ်မျဉ်းကွေးများရေးဆွဲပုံနှင့် စရိတ်မျဉ်းကွေးများဆက်စပ်ပုံများကို လေ့လာသိရှိထားရန် လိုအပ်သည်။ တွက်ချက်ရာတွင် ပုံသေစရိတ်နှင့် စရိတ်ရှင်သဘောကိုလည်း သိရှိနားလည်ရန် လိုအပ်ပါသည်။ ဥပမာ မေးခွန်းတွင် ကုန်ထွက်အသီးသီးရှိ စုစုပေါင်းစရိတ်များကို ပေးထားပါက ကုန်ထွက်သုညရှိ စုစုပေါင်းစရိတ်သည် ပုံသေစရိတ်ဖြစ်ကြောင်း၊ ပုံသေစရိတ်သည် ကုန်ထွက်အဆင့်တိုင်းအတွက် အတူတူပင်ဖြစ်ကြောင်း စုစုပေါင်းစရိတ်မှ ပုံသေစရိတ်ကိုနုတ်ခြင်းဖြင့် စုစုပေါင်းစရိတ်ရှင်ကို ရရှိနိုင်ကြောင်းသိရှိရန်လိုသည်။ ထို့အတူ စုစုပေါင်းစရိတ်မှ စုစုပေါင်းစရိတ်ရှင်ကိုနုတ်ခြင်းဖြင့် စုစုပေါင်းပုံသေစရိတ်ကို ရရှိနိုင်ကြောင်းကိုလည်း သိရှိထားရန်လိုအပ်သည်။ ဖြေဆိုရာတွင် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသောကိန်းဂဏန်းအချက်အလက်များအရ တွက်ချက်ရရှိသော စရိတ်များကို ဇယားတွင်ဖြည့်စွက်ဖြေဆိုရပါမည်။

**အခန်း(၇) ‘စီးပွားရေးတိုးတက်မှု’**တွင် အမှန် GDP တန်ဖိုးများမှ စီးပွားရေးတိုးတက်မှုနှုန်း တွက်ချက်ပုံနှင့် သုံးသပ်ပုံ၊ အချိန်ကာလတစ်ခုအတွက် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်း တွက်ချက်ပုံနှင့် သုံးသပ်ပုံ၊ GDP ကျုံ့ကိန်းတွက်ချက်ပုံ၊ GDP ကျုံ့ကိန်းမှ ဈေးဆနှုန်းကိန်းတွက်ချက်ပုံ၊ GDP ဈေးဆနှုန်းကိန်းမှ ငွေဖောင်းပွမှုနှုန်းတွက်ချက်ပုံနှင့် သုံးသပ်ပုံများကို လေ့လာထားရန်လိုအပ်သည်။ တွက်ချက်ရာတွင် အသုံးပြုသောပုံသေနည်းများကို ဦးစွာဖော်ပြရမည်။

**စီးပွားရေးတိုးတက်မှုနှုန်းကို တွက်ချက်သုံးသပ်ရာတွင်** စီးပွားရေးတိုးတက်မှုနှုန်းသည် မည်သည့်ခုနှစ်များတွင် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်းထက်မြင့်မားသည်၊ စီးပွားရေးတိုးတက်မှုနှုန်းသည် မည်သည့်ခုနှစ်များတွင် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်းထက်နိမ့်သည် စသည်ဖြင့် သုံးသပ်နိုင်သည်။ အချို့နှစ်များတွင် စီးပွားရေးတိုးတက်မှုနှုန်းသည် ဆက်တိုက်တိုးတက်ခြင်းရှိပါက စီးပွားရေးတိုးတက်မှုနှုန်းသည် မည်သည့်ခုနှစ်မှ မည်သည့်ခုနှစ်အထိ ဆက်တိုက်တိုးတက်နေသည်ကို သုံးသပ်နိုင်သည်။ အချို့နှစ်များတွင် စီးပွားရေးတိုးတက်မှုနှုန်းသည် ဆက်တိုက်ကျဆင်းနေပါက မည်သည့်ခုနှစ်မှ မည်သည့်ခုနှစ်အထိ ဆက်တိုက်ကျဆင်းနေသည် စသည်ဖြင့် သုံးသပ်နိုင်သည်။ စီးပွားရေးတိုးတက်မှုနှုန်းသည် အတက်အကျရှိနေပါက သုံးသပ်ရာတွင် မည်သည့်ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းကျဆင်းပြီး မည်သည့်ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ပြန်လည်တိုးတက်လာသည်။ မည်သည့်ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းတိုးနေပြီး မည်သည့်ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ပြန်လည်ကျဆင်းသွားသည် စသည်ဖြင့် သုံးသပ်နိုင်သည်။ **သတိပြုရန်အချက်မှာ** တွက်ချက်ရရှိသော စီးပွားရေးတိုးတက်မှုနှုန်းသည် အနုတ်လက္ခဏာဖြစ်ပါက ထိုနှစ်တွင် စီးပွားရေးတိုးတက်မှုမရှိဘဲ စီးပွားရေးဆုတ်ယုတ်ကျဆင်းသည်ဟု သုံးသပ်နိုင်သည်။

ငွေဖောင်းပွမှုနှုန်းကို တွက်ချက်ရာတွင် တွက်ချက်လိုသောလက်ရှိနှစ်နှင့် နှိုင်းယှဉ်လိုသည့် လွန်ခဲ့သောနှစ်အကြား ငွေဖောင်းပွမှုနှုန်းကို တွက်ချက်ခြင်းဖြစ်သည်။

ငွေဖောင်းပွမှုနှုန်းတွက်ချက်သောပုံသေနည်းမှာ

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{လက်ရှိနှစ်၏ ဈေးဆနှုန်းကိန်း} - \text{လွန်ခဲ့သောနှစ်၏ ဈေးဆနှုန်းကိန်း}}{\text{လွန်ခဲ့သောနှစ်၏ ဈေးဆနှုန်းကိန်း}} \times ၁၀၀$$

ဥပမာ ၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်၍ ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းကိုတွက်ချက်ရာတွင် ၂၀၁၅ ခုနှစ်သည် တွက်ချက်လိုသောလက်ရှိနှစ်ဖြစ်ပြီး ၂၀၁၄ ခုနှစ်သည် နှိုင်းယှဉ်လိုသော လွန်ခဲ့သောနှစ်ဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းမှာ

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{၂၀၁၅ ၏ ဈေးဆနှုန်းကိန်း} - \text{၂၀၁၄ ၏ ဈေးဆနှုန်းကိန်း}}{\text{၂၀၁၄ ၏ ဈေးဆနှုန်းကိန်း}} \times ၁၀၀ \text{ ဖြစ်သည် ။}$$

*စာမျက်နှာ ၁၈ သို့*

*စာမျက်နှာ ၁၇ မှ*

အကယ်၍ နှစ်အလိုက်ငွေဖောင်းပွမှုနှုန်းကို အခြေခံနှစ်နှင့် နှိုင်းယှဉ်၍ တွက်ချက်ပါဟု ဖော်ပြထားပါက ပုံသေနည်းတွင် လွန်ခဲ့သောနှစ်နေရာ၌ အခြေခံနှစ်ကို ထည့်သွင်းတွက်ချက်ရမည်။

ငွေဖောင်းပွမှုနှုန်း = (လက်ရှိနှစ်၏ ဈေးဆနှုန်းကိန်း−အခြေခံနှစ်၏ ဈေးဆနှုန်းကိန်း) / (အခြေခံနှစ်၏ ဈေးဆနှုန်းကိန်း) x ၁၀၀

ဥပမာ ၂၀၁၀ ခုနှစ်သည် အခြေခံနှစ်ဖြစ်သည်ဆိုပါစို့။ ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းကို အခြေခံနှစ်နှင့် နှိုင်းယှဉ်တွက်ချက်လိုလျှင်

ငွေဖောင်းပွမှုနှုန်း = (၂၀၁၅ ၏ ဈေးဆနှုန်းကိန်း−၂၀၁၀ ၏ ဈေးဆနှုန်းကိန်း) / (၂၀၁၀ ၏ ဈေးဆနှုန်းကိန်း) x ၁၀၀ ဖြစ်သည်။

**နှစ်အလိုက် ငွေဖောင်းပွမှုနှုန်း အတက်အကျဖြစ်ပုံအနေဖြင့်သုံးသပ်ရာတွင်** ငွေဖောင်းပွမှုနှုန်းသည် မည်သည့်ခုနှစ်တွင် မြင့်တက်ပြီး မည်သည့်ခုနှစ်တွင် ကျဆင်းသွားသည်၊ ငွေဖောင်းပွမှုနှုန်းသည် မည်သည့်နှစ်တွင် အနိမ့်ဆုံးဖြစ်ပြီး / မည်သည့်နှစ်တွင် အမြင့်ဆုံးဖြစ်သည် စသည်ဖြင့် သုံးသပ်ဖြေဆိုနိုင်ပါသည်။ **ငွေဖောင်းပွမှုနှုန်းသည် ဆက်တိုက်မြင့်တက်နေပါက** ငွေဖောင်းပွမှုနှုန်းသည် မည်သည့်ခုနှစ်မှ မည်သည့်ခုနှစ်အထိ ဆက်တိုက်မြင့်တက်နေသည်ဟု သုံးသပ်နိုင်သည်။ **ငွေဖောင်းပွမှုနှုန်းသည် ဆက်တိုက်ကျဆင်းနေပါက** မည်သည့်ခုနှစ်မှ မည်သည့်ခုနှစ်အထိ ဆက်တိုက်ကျဆင်းနေသည်ဟု သုံးသပ်နိုင်သည်။

**ငွေဖောင်းပွမှုနှုန်းကိုတွက်ချက်သုံးသပ်ရာတွင် သတိပြုရန်အချက်များမှာ** GDP ကျုံ့ကိန်းကို တွက်ချက်ရာတွင် ဒသမ (၃ နေရာ)အထိ ယူရမည်။ GDP ဈေးဆနှုန်းကိန်းကို ဒသမ (၁ နေရာ) အထိယူရမည်။ ငွေဖောင်းပွမှုနှုန်းကိုလည်း ဒသမ (၁ နေရာ) အထိယူရမည်။

**မေးခွန်းနံပါတ်(၅)ကို ဖြေဆိုရာတွင် သတိပြုရမည့်အချက်များမှာ** မေးခွန်းတွင် ဖော်ပြပါရှိသော ကိန်းဂဏန်းများကို အဖြေလွှာပေါ်သို့ပြန်လည်ကူးယူရာတွင် မှားယွင်းမှုမရှိစေရန်နှင့် Calculator ကို အသုံးပြုတွက်ချက်ရာတွင် ရရှိသောအဖြေကို နောက်ထပ်တစ်ကြိမ် ပြန်လည်စစ်ဆေးခြင်းပြုလုပ်ရန်တို့ ဖြစ်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာသည် သင်ခန်းစာများအား နှံ့စပ်စွာ နားလည်တတ်မြောက်စေမှုကိုရည်ရွယ်ခြင်းဖြစ်ရာ သင်ခန်းစာများအား နှံ့စပ်စွာလေ့လာထားရန်လိုအပ်ပါသည်။ ဓမ္မဓိဋ္ဌာန်မေးခွန်းနှင့် တွက်ချက်သုံးသပ်မှု မေးခွန်းများအတွက် ပေးမှတ်မှာ (၅၀)မှတ်ဖြစ်သဖြင့် ယင်းမေးခွန်းများကို ဖြေဆိုနိုင်ပါက အောင်မှတ်ရရှိနိုင်သော်လည်း အခန်းရွေးချယ်၍ အလွတ်ကျက်မှတ်ဖြေဆိုခြင်းဖြင့် ဂုဏ်ထူးမှတ်ရရှိရန် လွယ်ကူမည်မဟုတ်ကြောင်း သတိပြုစေလိုပါသည်။

ဖြေဆိုသူ ကျောင်းသား ကျောင်းသူများအားလုံး ထူးချွန်စွာအောင်မြင်ပါစေဟု ဆန္ဒပြုလိုက်ပါသည်။

## မုံရွာမြို့၌ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းဆင်း

**မုံရွာ ဇန်နဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ကြီးမှူးပြီး ရက်သတ္တ သုံးပတ်ကြာဖွင့်လှစ်သော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းဆင်းပွဲကို ယမန်နေ့က မုံရွာမြို့ မူလတန်းကြို ကျောင်းခန်းမ၌ ကျင်းပသည်။




စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်လှိုင်မိုးမြတ်က ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာများနှင့် စပ်လျဉ်းပြီး အမှာစကားပြောကြားသည်။ ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(ငြိမ်း) ဆရာမကြီး ဒေါ်ခင်နွဲ့အား ဂါရဝလက်ဆောင် ပေးအပ်ခြင်းနှင့် သင်တန်းသား သင်တန်းသူများထံ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ ၎င်းနောက် သင်တန်းသား သင်တန်းသူများက ကဗျာ၊ သီချင်း၊ ပြဇာတ်၊ တေးသရုပ်ဖော် အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ပြီးနောက် သင်တန်းမှ သင်ကြားခဲ့သော သင်ထောက်ကူပစ္စည်းများကို တက်ရောက်လာသူများက ကြည့်ရှုလေ့လာသည်။

**ခရိုင်(ပြန်/ဆက်)**



မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ်အတွင်းရှိ မဲရုံများသို့ မဲဆန္ဒရှင်ပြည်သူများဆန္ဒမဲပေးခြင်းကို ဇန်နဝါရီ ၁၁ ရက်က သက်ဆိုင်ရာမဲရုံအသီးသီးတွင် ပြုလုပ်ခဲ့ရာ မဲဆန္ဒရှင်ပြည်သူများက လာရောက်ဆန္ဒမဲပေးစဉ်။ မြို့နယ်(ပြန်/ဆက်)

## သက်တန့်ရောင်စီမံကိန်းဖြင့် ဆောင်းမြေပဲစိုက်ပျိုးမှု ကွင်းဆင်းကြည့်ရှု

**ပဲခူး ဇန်နဝါရီ ၁၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်အတွင်း သမဝါယမကဏ္ဍမှ လူမှုစီးပွားဘဝမြှင့်တင်ရေး သက်တန့်ရောင်စီမံကိန်းဖြင့် ဆောင်ရွက်သော ကျွန်းကုန်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ နွေစပါး စိုက်ဧက ၅၀ စိုက်ပျိုးထားသည်။ အဆိုပါ နွေစပါးရေဆင်းပေါ်ဆန်း-၂ စိုက်ပျိုးရန် ဆောင်ရွက်နေမှုများကို ပန်းတောင်းမြို့နယ် သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ချောစုလှိုင်နှင့် တာဝန်ရှိသူများက ယမန်နေ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



**သတင်းစဉ်**



ကရင်ပြည်နယ် ပိုင်ကျုံမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း(၂)ကို ဇန်နဝါရီ ၁၁ ရက်က ကျင်းပရာ သက်ဆိုင်ရာမဲရုံအသီးသီးတွင် ရပ်ရွာပြည်သူများက အေးချမ်းစွာဖြင့် ဆန္ဒမဲများ ပေးစဉ်။ နော်ခူး(ပြန်/ဆက်)

## ၂၀၂၆ ခုနှစ် ဇန်နဝါရီလ (ဒုတိယ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၆၃ ဒီဂရီဖာရင်ဟိုက်မှ ၇၃ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၄ ဒီဂရီဖာရင်ဟိုက်မှ ၈၄ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၅ ဒီဂရီဖာရင်ဟိုက်မှ ၉၅ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၃၀ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၄၄ ဒီဂရီဖာရင်ဟိုက်မှ ၅၅ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၅၆ ဒီဂရီဖာရင်ဟိုက်မှ ၆၆ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၅၅ ရာခိုင်နှုန်းမှ ၆၆ ရာခိုင်နှုန်းအတွင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၇ ရာခိုင်နှုန်းမှ ၇၇ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၈ ရာခိုင်နှုန်းမှ ၈၈ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)တို့တွင် ၁၉ မီလီမီတာမှ ၂၇ မီလီမီတာအတွင်း၊ မန္တလေးတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၂၈ မီလီမီတာမှ ၃၆ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၃၇ မီလီမီတာမှ ၄၇ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။

**မိုး/ဇလ**



ရွေးကောက်ပွဲ အပိုင်း(၂)အဖြစ် ဇန်နဝါရီ ၁၁ရက် နံနက် ၆ နာရီမှစတင်၍ တံတားဦးမြို့နယ်အတွင်းရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဆန္ဒမဲပေးကြရာ ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့် အဖွဲ့ဝင်များက မဲပေးရာတွင် စနစ်တကျဖြစ်စေရေး စီစဉ်ဆောင်ရွက်ပေးစဉ်။

ရဲတင့်(ပြန်/ဆက်)



အိမ်မဲမြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကို ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပရာ ရပ်ကွက် ငါးရပ်ကွက်၊ ကျေးရွာအုပ်စု ၉၇ အုပ်စု မဲရုံပေါင်း ၁၁၂ ရုံ၌ မဲဆန္ဒရှင်ပြည်သူများက အေးချမ်းတည်ငြိမ်စွာဖြင့် ဆန္ဒမဲများပေးစဉ်။ ချစ်သက်လယ်(ပြန်/ဆက်)

စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာ အခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး) အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Noun (နာမ်) များအကြောင်း အသေးစိတ်ဆက်လက် ဖော်ပြပေးသွားမှာဖြစ်ပါတယ်။ အထူးသဖြင့် ဒီတစ်ပတ်မှာတော့ Countable and Uncountable Nouns (ရေတွက်ရနာမ်နှင့် ရေတွက်မရနာမ်များ) အကြောင်း ဖော်ပြပေးလိုက်ပါတယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း How to talk about preferences (သဘောကျနှစ်သက်မှုအကြောင်း ဘယ်လိုပြောမလဲ) Part – I တာကို ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာ ဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများတိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

Material Noun Exercise (1) မှအဖြေများ

1. wood, water
2. gold
3. wood
4. cotton
5. silk

Material Noun Exercise (2) မှအဖြေများ

1. rubber
2. wool
3. steel
4. gold and silver
5. cement

Material Noun Exercise (3) မှအဖြေများ

- **Nature:** coal, iron
- **Animal:** milk, honey
- **Plant:** jute, rubber
- **Man-made:** plastic, cement

**Countable and Uncountable Nouns (ရေတွက်ရနာမ်နှင့် ရေတွက်မရနာမ်များ)**

**Countable Noun (ရေတွက်ရနာမ်)**

တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်စသည်ဖြင့် ရေတွက်၍ရသော နာမ်များကို ရေတွက်ရနာမ် (Countable Noun) ဟုခေါ်သည်။ တိကျသည့် ပုံသဏ္ဌာန်ရှိပြီး များသောအားဖြင့် အများဆိုင်နာမ်နှင့် အစုပြနာမ်တို့သည်လည်း ရေတွက်ရနာမ်များဖြစ်သည်။ ရေတွက်ရနာမ်များတွင် အနည်းကိန်းများနှင့် အများကိန်းပုံစံများရှိသည်။ ဥပမာ–

**Singular Countable Noun**

ball boy cat person

**Plural Countable Noun**

birds cars flowers books pencils

ရေတွက်ရနာမ်များကို အတိုင်းအတာအရေအတွက်ကို ဖော်ပြသော စကားစုများဖြင့်လည်းတွဲ၍ အသုံးပြုနိုင်သည်။ ဥပမာ–

**a, an, a few, several, many, some, plenty of, a lot of, a large number of, … + Countable Nouns**

- The boy has only **five dollars.**
- The Earth was formed **4.6 billion years ago.**
- There are **lots of people** but we don't have **a car.**
- **A duck** can swim in water.
- **A large number of houses** were burnt down in the fire.

**Uncountable Noun (ရေတွက်မရနာမ်)**

တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်စသည်ဖြင့် ရေတွက်၍မရသော နာမ်များကို ရေတွက်မရနာမ် (Uncountable Noun) ဟုခေါ်သည်။ ထို့အပြင် တချို့သဒ္ဒါစာအုပ်များ၌ အစုလိုက် အပြုံလိုက်နာမ်များ (Mass Nouns) ဟုခေါ်သည်။ ဥပမာ–

water ice food rice sand money cheese

ရေတွက်မရနာမ်များကို တိုင်းတာရေတွက်ရာတွင် အတိုင်းအတာ စကားစုများဖြင့် ယှဉ်တွဲကာ သုံးနိုင်သည်။

a little, much, some, plenty of, a lot of, a large amount of, a great deal of + Uncountable Noun ဥပမာ–

not much water a little ice plenty of food a large amount of rice

- Have you got **some money?**
- Air-conditioners use **a lot of electricity.**
- Do you have **any work** for me to do?
- Many Asians eat **much rice.**

ရေတွက်မရနာမ် Uncountable nouns များကို a သို့မဟုတ် an ဖြင့် မည်သည့်အခါမှ တွဲမသုံးရပါ။

## VOCABULARY ENRICHMENT PROGRAMME

1. **child's play = (အလွန်လွယ်ကူသောအရာ)**

   It is not a difficult climb – it should be child's play for an experienced mountaineer.

   (တောင်တက်ရတာခက်ခဲတဲ့အလုပ် မဟုတ်ပါဘူး – အတွေ့အကြုံရှိတဲ့ တောင်တက်သမား တစ်ယောက်အတွက်တော့ အလွန်လွယ်ကူပါတယ်။

2. **to come to the point (လိုရင်းပြောသည်။)**

   It took several paragraphs for her ***to come to the point*** of her argument.

   (သူ့ရဲ့အကျိုးသင့်အကြောင်းသင့်ဆွေးနွေးမှု သို့မဟုတ် ဆိုလိုရင်းကိုရောက်ဖို့ တော်တော်ကြာသွားတယ်။)

3. **to pull strings (တစ်စုံတစ်ဦးအတွက် အလုပ်ရရန် ဆိုင်ရာပိုင်ရာကို အကူအညီတောင်းသည်။)**

   Her father ***pulled a few strings*** to get her into university.

   သူမရဲ့အဖေဟာ သူမ တက္ကသိုလ်ဝင်ခွင့်ရဖို့ ဆိုင်ရာပိုင်ရာကို အကူအညီတောင်းခဲ့တယ်။

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



**Conversation**

**How to talk about preferences (သဘောကျနှစ်သက်မှုအကြောင်း ဘယ်လိုပြောမလဲ) Part – I**

***I'd prefer … to …***

***I have a preference for …***

***I like … better than …***

***I would prefer to …***

***I would sooner …***

***rather than …***

၁။ တစ်စုံတစ်ယောက် သို့မဟုတ်တစ်စုံတစ်ခုကို တခြားတစ်ယောက် သို့မဟုတ် တခြားတစ်ခုထက် ပိုကြိုက်ရင်၊ ပိုနှစ်သက်ရင် I prefer … to/than … နဲ့ဖော်ပြပြောဆိုနိုင်ပါတယ်။

ဥပမာ–

- **I prefer** apple juice **to** orange juice.
- **I prefer** Mary **to** Alice.
- **I much prefer** Chinese food **to** Indian food.
- **I prefer** to live alone **than** look for a flat-mate.

၂။ တစ်စုံတစ်ယောက် သို့မဟုတ် တစ်စုံတစ်ခုကို ပိုပြီးနှစ်သက်မှု၊ ပိုပြီးလိုလားမှု၊ ပိုပြီးစိတ်ဝင်စားမှု၊ ပိုပြီးဦးစားပေးမှုကို ယဉ်ယဉ်ကျေးကျေး ဖော်ပြပြောဆိုချင်ရင်တော့ I have a preference for … ကိုသုံးပါတယ်။ သိပ်မနှစ်သက်ဘူး၊ သိပ်မလိုလားဘူး၊ သိပ်စိတ်မဝင်စားဘူး၊ သိပ်ဦးစားမပေးဘူး ဆိုရင်တော့ preference ရဲ့ရှေ့မှာ slight ကိုထည့်ပြီး ပြောပါတယ်။ အတော်လေးနှစ်သက်တယ်၊ အတော်လေး လိုလားတယ်၊ အတော်လေး စိတ်ဝင်စားတယ် ဆိုရင်တော့ preference ရဲ့ ရှေ့မှာ marked သို့မဟုတ် strong ကို ထည့်ပြီးပြောနိုင်ပါတယ်။ ဥပမာ–

- **I have a preference for** freesia, but it's not in season at the moment.
- **I have a slight preference for** white wine, but red will do.
- **I have a marked preference for** old houses. They have so much more character.

**ဘာသာစကားရှုထောင့်**

**တစ်စုံတစ်ခုကို တခြားတစ်ခုထက် မကြိုက်ဘူး၊ မနှစ်သက်ဘူး သို့မဟုတ် သီးခြားကြိုက်တာ မရှိဘူး ဆိုရင်တော့ I have no particular preference** ကို သုံးပါတယ်။ ဥပမာ–

- Either tea or coffee will be fine. **I have no particular preference.**
- I don't mind whether we go to Spain or Portugal. **I have no particular preference** as long as we go somewhere hot.

၃။ I like … better than …ကို I prefer … to … လိုမျိုးလည်း သုံးနိုင်ပါတယ်။ တစ်ခုခု၊ တစ်ယောက်ယောက်ကို တခြားတစ်ခုခု တစ်ယောက်ယောက်ထက် ပိုကြိုက်တဲ့သဘောပါ။ ဥပမာ–

- **I like tea better than** coffee.
- **I like fish better than** meat.

၄။ တစ်ခုခုကို တခြားတစ်ခုခုထက် ပိုပြီးလုပ်ချင်တဲ့ ဆန္ဒရှိတယ်ဆိုရင် သို့မဟုတ် ပိုပြီးသဘောကျတယ်ဆိုရင် I would prefer to … ကို သုံးပါတယ်။ ဥပမာ–

**Q: Do you want to go by plane?**

**A: I would prefer to** go by train. **I would prefer to** live here, but I can't find a suitable job. I'm going to have to move to London.

**ဘာသာစကားရှုထောင့်**

I would prefer to … ကဲ့သို့ပဲ I would rather … ကိုလည်းသုံးနိုင်ပါတယ်။ ပိုပြီး အရပ်သဘောဆန်ဆန် ပြောချင်ရင်တော့ I'd rather … ကို အဓိပ္ပာယ်မပြောင်းလဲဘဲ သုံးနိုင်ပါတယ်။ ဥပမာ–

- Jim suggested going out for lunch, but **I would rather** go out for dinner.
- We've got tickets for this afternoon's performance. **I'd rather** go to the evening performance, but it was sold out.

၅။ I would prefer to … သို့မဟုတ် I would rather … ကဲ့သို့ပဲနောက်တစ်မျိုးသုံးနိုင်တဲ့ ပုံစံတစ်မျိုးကတော့ I would sooner … ပဲ ဖြစ်ပါတယ်။ ပိုပြီးတော့ အရပ်သဘောဆန်ဆန် ပြောချင်ရင်တော့ I'd sooner … ကို သုံးပါတယ်။ ဥပမာ–

- **I would sooner** live nearer the centre of **town,** but property there is too expensive for my budget.
- I'm going to spend Christmas with my parents. **I'd rather** go skiing, but my parents would be offended.

## ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့
## ရန်ကုန်မြို့
## ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် လက်ရှိအသုံးပြုနေသော Smart Intelligent and Surveillance CCTV System အား Maintenance ဆောင်ရွက်ရန်၊ CCTV Camera ၂၄၈ လုံး ထပ်တိုး တပ်ဆင်ရန်နှင့် ထပ်တိုးတပ်ဆင်မည့် ကင်မရာများအား လက်ရှိစနစ်အတွင်း ပေါင်းထည့်ကာ ချိတ်ဆက်တပ်ဆင်အသုံးပြုရန် လုပ်ငန်းအပ်နှံခြင်းအတွက် အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

ရွှေတိဂုံစေတီတော်မြတ်ကြီးတွင်လက်ရှိ အသုံးပြုနေသော Smart Intelligent and Surveillance CCTV System အား Maintenance ဆောင်ရွက်ရန်၊ CCTV Camera ၂၄၈ လုံး ထပ်တိုးတပ်ဆင်ရန်နှင့် ထပ်တိုးတပ်ဆင်မည့် ကင်မရာများအားလက်ရှိစနစ်အတွင်း ပေါင်းထည့်ကာ ချိတ်ဆက်တပ်ဆင်အသုံးပြုရန် လုပ်ငန်းအပ်နှံခြင်းအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူတပ်ဆင်အသုံးပြုလိုပါသဖြင့် စိတ်ဝင်စားသူများအနေဖြင့် အဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ငွေကျပ် ၁၀၀,၀၀၀/-နှုန်းဖြင့် ဂေါပကအဖွဲ့ရုံး၊ တာဝန်မှူးရုံးခန်းရှေ့တွင် (၁၃-၁-၂၀၂၆) ရက်မှ (၈-၂-၂၀၂၆) ရက်အထိ ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်- ၀၁၈-၃၇၅၇၆၇၊ ၀၁၈- ၃၇၁၀၈၉ တို့သို့ ဆက်သွယ်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။ တင်ဒါဖွင့်ဖောက်မည့်ရက်ကို ပြန်လည် အကြောင်းကြားသွားပါမည်။

**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## တစ်ဦးတည်းဖြစ်ကြောင်း

မုံရွာမြို့၊ အကျဉ်းဦးစီးဌာနမှ မလင်းလင်းထက် ၅/ မရန(နိုင်) ၂၇၅၇၆၆ ၏ဖခင် ဦးမောင်စိုး(ခ) ဦးစိုး မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်စိုး(ခ)ဦးစိုး**

## ပျောက်ဆုံးကြောင်း

ရန်ကုန်မြို့နေ ခင်မောင်အေး (ဘ)ဦးအေးမောင် ၉/မခန(နိုင်) ၁၆၄၇၀၄ ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၁၄၆၄၅၅၅**

## ပျောက်ဆုံးကြောင်း

ရန်ကုန်မြို့နေ ဒေါ်ရီရီဝင်း (ဘ)ဦးပေ ၉/မခန(နိုင်) ၁၄၁၉၆၈ ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၄၀၈၀၁၉၀၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၆)၊ မြေကွက်အမှတ် (၁၅၈၅) ဟုခေါ်တွင်သော မြေအလျား x အနံ (၄၀ x ၆၀)ပေရှိ မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးစိန်ဝင်းမောင် (၁၂/မရက(နိုင်)၀၀၉၇၈၆)ထံမှ အရောင်းအဝယ် စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးချစ်အေးဆန်း (၁၂/ဒဂတ(နိုင်) ၀၂၄၇၇၇) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းသူရဇော်(LL.B)** အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)
**ဒေါ်ယမင်းထွေး(LL.B)** တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)
**ဦးရဲသီဟ(LL.B)** အထက်တန်းရှေ့နေ (စဉ်-၅၆၃၆၆)

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင် (၂) လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် (၁၄၅)၊ မြေကွက်အမှတ် (၁၁၁၃) ဟုခေါ်တွင်သော မြေအလျား x အနံ (၄၀ x ၆၀)ပေရှိ မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက် ပိုင်ဆိုင်သူ ဦးမောင်မောင်သန်း (၁၂/မဂဒ(နိုင်) ၀၀၈၈၃၅) ထံမှ အရောင်းအဝယ်စာချုပ် စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကျော်လင်း (၁၂/ဒဂတ(နိုင်)၀၀၂၀၆၁) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းသူရဇော်(LL.B)** အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)
**ဒေါ်ယမင်းထွေး(LL.B)** တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)
**ဦးရဲသီဟ(LL.B)** အထက်တန်းရှေ့နေ (စဉ်-၅၆၃၆၆)

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင် (၂) လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် (၁၄၆)၊ မြေကွက်အမှတ် (၅၆၄) ဟုခေါ်တွင်သော မြေအလျား x အနံ (၄၀ x ၆၀)ပေရှိ မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးမောင်ညွှန့် (၁၂/မဂဒ(နိုင်)၀၁၉၃၅၅)ထံမှ အရောင်းအဝယ်စာချုပ် စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်နီနီဦး (၅/ကဘလ(နိုင်)၁၀၈၅၃၆) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ယဉ်ယဉ်(ခ)ယဉ်ယဉ်ဝေ (၁/မကန(နိုင်)၀၀၂၆၉၅)က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းသူရဇော်(LL.B)** အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)
**ဒေါ်ယမင်းထွေး(LL.B)** တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)
**ဦးရဲသီဟ(LL.B)** အထက်တန်းရှေ့နေ (စဉ်-၅၆၃၆၆)

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင် (၂) လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် (၁၄၆)၊ မြေကွက်အမှတ် (၁၀၅) ဟုခေါ်တွင်သော မြေအလျား x အနံ (၄၀ x ၆၀)ပေရှိ မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးလှသိန်း (၁၂/မဂဒ(နိုင်)၀၁၄၄၁၆)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သီတာအောင် (၁၂/ဒဂတ(နိုင်)၀၉၆၀၂၈)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းသူရဇော်(LL.B)** အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)
**ဒေါ်ယမင်းထွေး(LL.B)** တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)
**ဦးရဲသီဟ(LL.B)** အထက်တန်းရှေ့နေ (စဉ်-၅၆၃၆၆)

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင် (၂) လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇

## အိတ်ပိတ်တင်ဒါရောင်းချခြင်းနှင့် ပတ်သက်၍ အသိပေးကြော်ငြာခြင်း

တင်ဒါကော်မတီ၊ မြန်အောင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ (၉-၁၂-၂၀၂၃)ရက် မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်းကြော်ငြာခဲ့သည့် မြန်အောင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် သိုလှောင်ရုံ (၃) လုံးအား အိတ်ပိတ်တင်ဒါရောင်းချမည့်ရက်ရွှေ့ဆိုင်းကြောင်း ထည့်သွင်းကြော်ငြာခဲ့ပြီးဖြစ်ရာ ယခုအခါ ရောင်းချမည့်အစီအစဉ်အား မြန်အောင်ခရိုင်စုပေါင်းရုံးကြော်ငြာသင်ပုန်းတွင် ကြေညာထားရှိပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြန်အောင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၁၀၈၂)၊ ဧရိယာ (၀.၀၈၂) ဧကရှိ ဒေါ်ဝင်းဝင်းနိုင်အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးသိန်းသန်းစိုး (ဘ) ဦးဝင်းမောင် ၈/မကန(နိုင်) ၃၃၃၈၄၇မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၈၀၂/၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်သီသီ(ဘ)ဦးအိုက်ကို ၁/ မညန(နိုင်)၀၀၂၅၀၃နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရေဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့၊ အမှတ် (၄) ရပ်ကွက်၊ စဥ့်အိုးဘိုလမ်း၊ အမှတ် (၁/က)နေ ဒေါ်မြင့်မြင့်ရီ(ဘ) ဦးကျင်အန်း (၁၄/ ပသန(နိုင်)၁၄၂၉၂၀) ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ မြေနုလမ်းတွင်လွန်ခဲ့သည့် ၁၉၈၅-၈၆ ခုနှစ်များမှစ၍ **"ဂျိမ်း(စ်)ဘွန်း၊ James Bond"** အမည်ဖြင့် စတိုးဆိုင်ဖွင့်လှစ်ရောင်းချခဲ့သည်မှာ ယနေ့ထိတိုင်ဖြစ်ကြောင်း ကြားသိခဲ့ရပါသည်။ ယနေ့အချိန်တွင် ကျွန်ုပ်၏မိတ်ဆွေ၊ မိသားစုများအသုံးပြုသည့် အဆိုပါ **"ဂျိမ်း(စ်)ဘွန်း၊ James Bond"** အမည်အား ပုသိမ်မြို့ရှိ အခြားတစ်ပါးသူများမှ ကျွန်ုပ်၏မိတ်ဆွေ၊ မိသားစုများ၏ ခွင့်ပြုချက်တစ်စုံတစ်ရာ မရှိပါဘဲ တုပသုံးစွဲနေကြောင်းကြားသိရပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ၊ မိသားစုများ အသုံးပြုနေသည့် **"ဂျိမ်း(စ်)ဘွန်း၊ James Bond"** အမည်အား အခြားမည်သူ တစ်ဦးတစ်ယောက်မှဖြစ်စေ၊ အများကဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပသုံးစွဲမှု မပြုလုပ်ကြပါရန်နှင့် ကျွန်ုပ်၏မိတ်ဆွေ၊ မိသားစုများ အကျိုးစီးပွား ထိခိုက် နစ်နာမှုများအတွက် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တည်ဆဲဥပဒေများနှင့် အညီ သက်ဆိုင်ရာ တရားရုံးများတွင်ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးချမ်းမြေ့အောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်- ၉၆၄၆)**
**အမှတ်(၅၆)၊ ဇေယျဝတီ(၃)လမ်း၊ အမှတ်(၈)ရပ်ကွက်၊ ပုသိမ်မြို့၊**
**ရေဝတီတိုင်းဒေသကြီး၊ ဖုန်း-၀၉- ၅၀၉၄၅၃၁**

## အများသိစေရန် ကြေညာခြင်း

အထက်ပါကိစ္စနှင့်ပတ်သက်၍ တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်တွင် နေထိုင်သူ ဦးပြည့်ဖြိုးပိုင် ၉/ မထလ(နိုင်)၁၆၇၅၉၅မှ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

တောင်ကြီးမြို့၊ နောင်လေပင်ညောင်ရပ်ကွက်၊ ထီအုံးမှူးရောင်းလမ်း၊ မြေကွက်အမှတ်(A8,A7)ဟုခေါ်တွင်သော အရှေ့အနောက် (၆၉/ ၂၉) ပေ ၊ တောင်မြောက် (၁၁၈/၁၀၀) ပေ အကျယ်ရှိ မြေကွက် (၂) ကွက်အား ဦးစိုင်းညီညီ (၁၃/ တကန(နိုင်)၁၅၀၇၀၈) ထံမှ ကျွန်တော်ဦးပြည့်ဖြိုးပိုင်က (၈-၁-၂၀၂၆) ရက်က နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်ကတိစာချုပ်အား ပြုလုပ်ချုပ်ဆိုကာ ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းမြေကွက်များ၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်တော် ဦးပြည့်ဖြိုးပိုင်သာလက်ရှိပိုင်ဆိုင်လျက်ရှိသူဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါ မြေကွက် (၂) ကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုလည်းကောင်း ကျွန်တော် ဦးပြည့်ဖြိုးပိုင် သိရှိသဘောတူခြင်း သို့တည်းမဟုတ် ကျွန်တော်၏ သဘောတူညီခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်းများ မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပြည့်ဖြိုးပိုင် (ကြေညာသူ)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၆)၊ မြေကွက်အမှတ် (၂၀၁၁) ဟုခေါ်တွင်သော မြေအလျား x အနံ (၄၀ x ၆၀) ပေရှိ မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးငွေယု (ခ) ငွေရ (WMDY-၃၃၅၃၄၂) ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်နီနီဦး (၅/ကဘလ(နိုင်)၁၀၈၅၃၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ယဉ်ယဉ်(ခ)ယဉ်ယဉ်ဝေ (၁/မကန(နိုင်)၀၀၂၆၉၅) က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း များနှင့်တကွ ယခုကြော်ငြာ ပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းသူရဇော်(LL.B)** အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)
**ဒေါ်ယမင်းထွေး(LL.B)** တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)
**ဦးရဲသီဟ(LL.B)** အထက်တန်းရှေ့နေ (စဉ်-၅၆၃၆၆)

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင် (၂) လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၆)၊ ပင်းယလမ်း၊ မြေကွက်အမှတ် (၂၁၁၆)ဟုခေါ်တွင်သော မြေအလျား x အနံ (၄၀ x ၆၀) ပေရှိ မြေချပါမစ်မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းခြမ်း[မြေကွက်အမှတ် (၂၁၁၅) နှင့် ကပ်လျက်အခြမ်း] (၂၀ x ၆၀) ပေရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးရဲနိုင် (၁၂/ပဘတ(နိုင်)၀၀၆၈၂၄)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးခင်မောင်ထွေး (၁၂/သကတ(နိုင်)၁၃၈၆၁၀) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းသူရဇော်(LL.B)** အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)
**ဒေါ်ယမင်းထွေး(LL.B)** တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)
**ဦးရဲသီဟ(LL.B)** အထက်တန်းရှေ့နေ (စဉ်-၅၆၃၆၆)

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင် (၂) လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အဦဦးစီးဌာန
## အဆောက်အဦအထူးအဖွဲ့(၁၀)
## စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့
## တင်ဒါအမှတ်စဉ်(၁/၂၀၂၅-၂၀၂၆)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် DMC ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊အဆောက်အဦ ဦးစီးဌာန၊ အဆောက်အဦ အထူးအဖွဲ့(၁၀)၊ မုံရွာမှ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စစ်ကိုင်းမြို့တွင် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လိုအပ်သည့် တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ရန် ဖိတ်ခေါ် အပ်ပါသည်။

**တင်ဒါလျှောက်လွှာ** - ၂၇-၁-၂၀၂၆ရက်(ရုံးချိန်အတွင်း)
**စတင်ရောင်းချမည့်ရက်/ အချိန်**
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂-၂-၂၀၂၆ ရက်
**တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ဆက်လက်ကြော်ငြာပါမည်။

အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်း ဝယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန် - ဖုန်း-၀၉- ၄၀၀၄၀၆၀၆၉၊ ၀၉- ၂၅၃၀၇၄၇၈၈

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်း အနောက်ရပ်)၊ မြေကွက်အမှတ် (ဒ-၄၁၃၈)၊ မြေဧရိယာ (၀.၀၈၂)ဧကရှိ ဦးငွေဝင်း(ဘ)ဦးအောင်ကြည် ၉/လဝန(နိုင်)၀၃၈၅၁၁ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးငွေဝင်းထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၁၃၅၁/၂၀၂၁)၊ (၂၄-၉-၂၀၂၁)ရရှိထားသူ ဦးသိန်းထွန်း(ဘ)ဦးအောင်မောင်းစိန် ၈/ရနခ(နိုင်) ၀၇၀၁၉၇ မှ ဒေါ်သက်သက်ခိုင် (ဘ)ဦးစံငြိမ်း ၈/ရနခ (နိုင်)၀၂၈၃၂၄ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5M/9611၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃၂/စီက)၊ ဥဩရပ်ကွက်၊ သော်ကလမ်း၊ မြေကွက်အမှတ် (၂/ ၃၈)၊ (အမှတ် ၂၅၈)၊ မြေအကျယ်အဝန်း ၀.၂၁၆ ဧကရှိ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားဂရန် အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဒေါ်မီမီသိန်း(၁၂/ကမရ(နိုင်)၀၁၁၀၁၆) ထံမှကျွန်ုပ်၏မိတ်ဆွေ ဦးရန်နောင်ကျော် (၁၂/ မရက(နိုင်)၁၁၂၁၆၅)မှ အပြီးအပိုင်ဝယ်ယူရန် အိမ်ခြံမြေ၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးရန်နောင်ကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်နီနီအောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၀၅)**
**အမှတ်(၇၀)၊ ၂လမ်း၊ အေးသာယာရပ်ကွက်၊ ဝါယာလက်၊ မင်္ဂလာဒုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉- ၄၂၁၀၀၈၄၅၈**

## ပြင်ဆင်ဖတ်ရှုပါရန်

၇-၁-၂၀၂၆ရက်ထုတ်ဤသတင်းစာ၏ စာမျက်နှာ (၂၂) ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း) အင်းစိန်မြို့၏ ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်းကြော်ငြာတွင် ယာဉ်အမှတ် 5E/7815 အစား 5E/1815 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## သားအဖြစ်မှအမွေပြတ် စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

မြိတ်မြို့၊ ပါရမီ (၂) ရပ်ကွက်၊ စိန်ချယ်လမ်း၊ အိမ်အမှတ် (၂၀၅၅) နေ ဦးပိုင်စိုးနှင့် ဒေါ်ဝင်းဝင်းမော်တို့၏ သားကြီး မောင်ဝင်းထက်စိုး(ခ)မောင်ရဲ မြိတ် ၆/မမန(နိုင်)၁၉၂၈၆၅ သည် မိဘများ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိသည့်အပြင် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်အခါခါ ပြုလုပ်နေပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်၎င်းနှင့်ပတ်သက်သည့် ငွေကြေးအရှုပ်အရှင်းကိစ္စများ၊ လူမှုရေး အရှုပ်အရှင်းကိစ္စများစသော မည်သို့သော် ကိစ္စမျိုးကိုမဆို (လုံးဝ) လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးပိုင်စိုး-ဒေါ်ဝင်းဝင်းမော်**

# အငှားဝယ်မော်တော်ယာဉ်များနှင့်ပတ်သက်၍ အသိပေးကြေညာခြင်း

နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်မှ အငှားဝယ်ချေးငွေရယူ၍ ဝယ်ယူခဲ့သည့်မော်တော်ယာဉ်များနှင့် သက်ဆိုင်သောစာချုပ်စာတမ်းများနှင့် ယာဉ်မှတ်ပုံတင်စာအုပ်(Owner Book) မူရင်းများသည် နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်တွင် အာမခံအဖြစ်တည်ရှိလျက်ရှိသည့်အပြင် အငှားဝယ်ယူသူနှင့် ဘဏ်တို့ချုပ်ဆိုခဲ့သည့် ကတိစာချုပ်များအရ မော်တော်ယာဉ်များသည် ဘဏ်၏ပိုင်ဆိုင်မှုပစ္စည်းအဖြစ်တည်ရှိလျက်ရှိသည့်အတွက် နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်မှ မော်တော်ယာဉ်များအား ပြန်လည်သိမ်းဆည်းသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အငှားဝယ်ချေးငွေရယူပြီး မော်တော်ယာဉ်လက်ဝယ်ရှိသူများနှင့် အကြောင်းအမျိုးမျိုးဖြင့် မော်တော်ယာဉ်လက်ဝယ်ရှိသူများသည် မိမိတို့လက်ဝယ်ရှိ မော်တော်ယာဉ်များနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုခိုင်မာစေရေး အငှားဝယ်ချေးငွေကြွေးကျန်များအား ပြေကြေစွာ ပြန်လည်ပေးဆပ်သွားရန်နှင့် ချေးငွေပြေကြေခြင်းမရှိသည့်အငှားဝယ်မော်တော်ယာဉ်များအားပဋိညာဉ်စာချုပ်ပါစည်းကမ်းချက်များနှင့်အညီသိမ်းဆည်းသွားမည်ဖြစ်ပါကြောင်း ထပ်မံ၍အသိပေးကြေညာအပ်ပါသည်။

| စဉ် | အမည် | မှတ်ပုံတင် | နေရပ်လိပ်စာ | ယာဉ်အမှတ် | ယာဉ်အမျိုးအစား |
|---|---|---|---|---|---|
| ၁ | ဒေါ်သဲစုအောင် | ၉/ပမန(နိုင်)၁၉၂၉၀၈ | အမှတ်(SH-012)၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ | 4C/5838 | TOYOTA MARK II |
| ၂ | ဦးဇော်မင်းနိုင် | ၉/ပမန(နိုင်)၂၅၅၁၉၄ | အိမ်အမှတ်(၆/၁၅၈)၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်။ | 6C/2541 | HYUNDAI BUS |
| ၃ | ဒေါ်အိအိမွေး | ၉/နထက(နိုင်)၁၇၂၁၆၅ | အမှတ်(SH-012)၊ဘောဂသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ | 6C/8115 | MITSUBISHI PAJERO |
| ၄ | ဦးရာဇာဟိန်း | ၇/ညလပ(နိုင်)၁၅၉၃၈၃ | အမှတ်(၉၂)၊ (၁၆)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ | 6D/7881 | TOYOTA BELTA |
| ၅ | ဒေါ်နန်းခင်ညွန့်မေ | ၁၃/လရန(နိုင်)၀၀၇၁၆၈ | အမှတ်(၁၂၁၂)၊မင်္ဂလာဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊နေပြည်တော်။ | 7E/3874 | KIA CERATO |
| ၆ | ဦးစောထိုက်ဝင်း | ၇/ရကန(နိုင်)၀၀၁၁၂၀ | အိမ်အမှတ်(၃၂၇၄)၊ဘောဂဝတီရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊နေပြည်တော်။ | 9E/7368 | JAC BUS |
| ၇ | ဦးစည်သူမင်း | ၁၄/ပသန(နိုင်)၂၃၄၄၇၅ | အမှတ်(၁၀၈)၊ ကမ်းနားဈေးကွန်ဒို၊ ပုသိမ်မြို့နယ်၊ | 1F/8830 | JAC BUS |
| ၈ | ဦးကျော်သူ | ၉/မလန(နိုင်)၀၈၁၉၄၅ | အမှတ်(၂၂၀)၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ | 9G/7043 | LIFAN DUMP TRUCK |
| ၉ | ဦးဝင်းမောင်ဦး | ၈/မကန(နိုင်)၁၅၀၆၂၈ | အမှတ်(၁၃၇)၊ ရွာသစ်ပွဲကြိုရပ်ကွက်၊ မကွေးမြို့နယ်၊ | 2H/3594 | YUTONG BUS |
| ၁၀ | ဒေါ်စိုးစိုးအေး | ၉/မထလ(နိုင်)၂၂၆၆၉၄ | နိုင်လွန်ကုလားပဲခွဲစက်၊ကန်သာကျေးရွာအုပ်စု၊ မိတ္ထီလာမြို့နယ်၊ | 6H/1854 | KIA BONGO MINI BUS |
| ၁၁ | ဒေါ်ကျင်လွှမ် | ၁၂/လမတ(နိုင်)၀၁၈၅၆၇ | အမှတ်(၅၄)၊အခန်းအမှတ်-(4B)၊ သံတံတားရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ | 7H/9600 | JAC BUS |
| ၁၂ | ဒေါ်စီစီဝင်း | ၈/ရနခ(နိုင်)၀၆၇၈၄၇ | အမှတ်(၆၉၇)၊ အောင်မေတ္တာရပ်ကွက်၊ မကွေးမြို့နယ်၊ | 6I/5333 | KIA PREGIO MINI BUS |
| ၁၃ | ဦးမျိုးမင်းအောင် | ၁၄/ဓနဖ(နိုင်)၁၁၈၁၇၄ | တိုက်(၃၀)၊အခန်း(၁၀၆)၊ ရွှေလင်ပန်း တန်ဖိုးနည်းအိမ်ရာ၊ လှိုင်သာယာမြို့နယ်။ | 7I/8502 | JAC BUS |
| ၁၄ | ဒေါ်စန်းစန်းထွေး | ၁၂/ဥကမ(နိုင်)၁၄၈၀၉၃ | အမှတ်(၇၅)၊(တ/၁၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ | 7I/8503 | ANKAI BUS |
| ၁၅ | ဦးသက်အောင် | ၁၄/မမန(နိုင်)၁၈၉၁၄၃ | အခန်း(၂၁)၊ တိုက် (၄၃၂၃)၊ ဇမ္ဗူသီရိမြို့နယ် ၊ နေပြည်တော်။ | 8I/2712 | YAR ZAR MIN BUS |
| ၁၆ | ဦးလွင်မောင်ဦး | ၈/ပခက(နိုင်)၁၄၂၁၂ | အမှတ်(၁၆၅)၊ ဉာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ | 8I/8522 | ZAR THA PYIN BUS |
| ၁၇ | ဦးလင်းလင်းထွန်း | ၆/ဘပန(နိုင်)၀၂၉၈၁၀ | လှေကြီးတက်ရွာ၊ သာပေါင်းမြို့နယ်၊ | 9I/5675 | CDW DUMP TRUCK |
| ၁၈ | ဦးကျော်ဇေယျ | ၁၄/ပသန(နိုင်)၀၀၆၀၇၆ | အမှတ်(၁၀၅၂)၊ ရဲစုကြီးကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ | 5J/4679 | TOYOTA DYNA LIGHT TRUCK |
| ၁၉ | ဦးထွန်းကျော် | ၁၂/လကန(နိုင်)၁၂၀၂၂၇ | အိမ်အမှတ်(ဈ-၂၅)၊ ဈေးကြီးရပ်ကွက်၊ လှည်းကူးမြို့နယ်၊ | 5J/5623 | SUN LONG BUS |
| ၂၀ | ဦးအာကာဖြိုး | ၇/ပမန(နိုင်)၁၇၉၉၈၃ | အမှတ်(၅၀၃)၊ ပုလဲ(၃) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ | 5J/9305 | SUN LONG BUS |
| ၂၁ | ဒေါ်မီမီကျော် | ၁၄/ပသန(နိုင်)၁၆၁၆၁၂ | အမှတ်(၅၆)၊ စကားဝါလမ်း၊ အမှတ်(၁) ရပ်ကွက်၊ ပုသိမ်မြို့နယ်၊ | 8J/4374 | THAMAR DI BUS |
| ၂၂ | ဒေါ်စုယမင်းဖြိုး | ၁၂/ဥကမ(နိုင်)၂၁၄၈၆၇ | အမှတ်-(၃၈၅)၊(ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ | 8J/5904 | SHWE TARIGAN BUS |
| ၂၃ | ဦးပြည့်ဖြိုးအောင် | ၇/မလန(နိုင်)၁၀၃၆၄၀ | အမှတ်(၃၂)၊ (၁၅)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ရွှေပြည်သာမြို့နယ်၊ | 8J/6129 | YADANAR TUN BUS |
| ၂၄ | ဦးခွန်အောင်ဇာမျိုးထိုက် | ၉/မထလ(နိုင်)၁၉၅၁၈၉ | ပန်းတိမ်ကုန်းကျေးရွာ၊ ကန်တောင်ကျေးရွာ အုပ်စု၊ မိတ္ထီလာမြို့နယ်၊ | 8J/8853 | HNIN KYAR PHYU SUPERL |
| ၂၅ | ဦးရှိုင်းမောင်မောင် | ၁၂/အလန(နိုင်)၀၄၉၁၁၆ | အမှတ်(၇)၊(ပထမထပ်)၊ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ | 2K/6289 | SCANIA TRACTOR HEAD |
| ၂၆ | ဦးအောင်ကျော်စိုး | ၈/တတက(နိုင်)၁၉၁၆၀၈ | အမှတ်(ဒ-၃၁၉၄၁)၊ ဒက္ခိဏာသီရိတောင်ရပ်၊ ဒက္ခိဏာသီရိမြို့နယ်၊ နေပြည်တော်။ | 2K/9099 | CHEVROLET SPIN |
| ၂၇ | ဒေါ်အိအိဖြူ | ၉/ရမသ(နိုင်)၂၀၉၂၉၃ | အမှတ်(SH-012)၊ဘောဂသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊နေပြည်တော်။ | 3K/5112 | SKAT DUMP TRUCK |
| ၂၈ | ဦးမူလောစံ (ခ)ထွန်းရင် | ၉/မနမ(နိုင်)၀၃၀၇၅၈ | အမှတ်(S-003)၊သပြေကုန်းရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ | 7K/7899 | CHEVROLET MALIBU |
| ၂၉ | ဦးရဲနိုင် | ၉/မရတ(နိုင်)၁၁၈၄၉၀ | အမှတ်(၈၅၂)၊ ချမ်းတောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ | 7L/2162 | FORLAND DUMP TRUCK |
| ၃၀ | ဦးသန်းထွန်း | ၁၂/မဂဒ(နိုင်)၁၁၅၆၈၅ | အမှတ်(၂ဘီ ၄၈၁)၊ မုဒိတာအိမ်ရာ(၂)၊ အင်းစိန်မြို့နယ်၊ | 7L/8024 | ISUZU DMAX |
| ၃၁ | ဒေါ်စုထက်ဦး | ၉/ပမန(နိုင်)၁၉၈၃၃၆ | အမှတ်(၂/၁၇၂)၊ သပြေလှရွာ၊ ကံဦးကျေးရွာအုပ်စု၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်။ | 9L/2103 | ISUZU DMAX |
| ၃၂ | ဦးအောင်ကျော်မိုး | ၁၂/ရပသ(နိုင်)၀၃၆၃၉၂ | အိမ်အမှတ်(၂၇၁)၊အမှတ်(၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ | 9L/3330 | KIA CARENS |
| ၃၃ | ဒေါ်သော်တာတင့်ဆန်း | ၁၂/ဥကမ(နိုင်)၁၈၄၂၆၁ | အမှတ်(SH-012)၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊နေပြည်တော်။ | 9L/9906 | FORLAND DUMP TRUCK |
| ၃၄ | ဦးစောအယ်ကလူ | ၁၃/လလန(နိုင်)၀၀၁၈၃၈ | အမှတ်(၅၆)၊ စကားဝါလမ်း၊ အမှတ်(၁) ရပ်ကွက်၊ ပုသိမ်မြို့နယ်၊ | 3M/2719 | YUTONG BUS |
| ၃၅ | ဦးသန်းဇော်ထွဋ် | ၁၂/တမန(နိုင်)၀၉၅၀၈၆ | အမှတ်(၁၇၅၆)၊ ကျန်စစ်သားရပ်ကွက်၊ ဒလမြို့နယ်၊ | 5M/3275 | YUTONG BUS |
| ၃၆ | ဒေါ်တင်တင်ခိုင် | ၁၂/လမတ(နိုင်)၀၃၁၄၁၅ | အမှတ်(SH-012)၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ | 6M/1627 | HONDA FIT |
| ၃၇ | ဦးသက်နိုင်အောင် | ၉/လဝန(နိုင်)၁၆၇၃၈၇ | အမှတ်(SH-012)၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊နေပြည်တော်။ | 6N/2497 | YUTONG BUS |
| ၃၈ | ဒေါ်အေးအေးအောင် | ၉/ပမန(နိုင်)၂၇၁၇၅၁ | အမှတ်(SH-012)၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊နေပြည်တော်။ | 1P/6803 | YUTONG BUS |

**နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊သီရိရတနာအဆင့်မြင့်ဈေး(အနီး)၊ဇမ္ဗူသီရိမြို့နယ်၊နေပြည်တော်။**

**အသေးစိတ်သိရှိလိုပါက - ၀၆၇-၄၂၂၆၉၉ ၊ ၀၆၇ - ၄၂၂၅၈၁ ၊ ၀၆၇ - ၄၂၇၇၈၁ ၊ ၀၆၇ - ၂၄၃၀၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1L/8909, Mazda Bongo SKF2T, P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြွယ်ကြွယ်လင်း ၅/ခဥတ(နိုင်) ၀၇၃၅၂၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာမြို့)**

## ပျောက်ဆုံးကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ သောတာပန်ရပ်ကွက်၊ ဗဟိုရ်စည်သိင်္ဂီရတနာကျောင်း ဦးထွန်းရှိ၏သမီး ဒေါ်မာလာသိင်္ဂီ ၅/စကန(သီ)၀၀၃၂၉ ၏ နိုင်ငံကူးလက်မှတ် မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဒေါ်မာလာသိင်္ဂီ**
**ဖုန်း-၀၉-၈၉၉၂၈၄၇၅၂**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ အမာမြို့၊ (၁) ရပ်ကွက်နေ မောင်ဖြိုးသန့်အောင် ၁၄/ဖပန(နိုင်) ၂၂၈၄၄၀ ၏ ဖခင်အမည်မှန်မှာ ဦးကျော်နိုင် ၁၄/ဘကလ(နိုင်)၁၈၂၂၅၂ ဖြစ်ပါကြောင်း။

**ဦးကျော်နိုင်**

## တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ ပငကျေးရွာ မွန်အမျိုးသား အလယ်တန်းကျောင်း Grade-12 မှ (ဘ)ဦးထွန်းရှိန် ၏သမီး မိနဒီနှင့် မနန်းရီ ၁၀/သဖရ(နိုင်)၁၈၉၈၇၈ မှာ တစ်ဦးတည်းဖြစ်ကြောင်းနှင့် ယင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၂-၄-၂၀၀၇ ဖြစ်ပါကြောင်း။

**မိနဒီ(ခ)မနန်းရီ**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4Q/1301 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး(ပဲခူး)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြို့မတောင်ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ ကွင်း/အကွက်အမှတ်(၁၀၊ မြို့မကွက်)၊ ဦးပိုင်အမှတ်(၂၁)၊ ဧရိယာ(၀ဒသမ၀၄၁)ကေအကျယ်ရှိ ဂရန်အမှတ်အမှတ်(RPNO-၁၆၂/V/၁၉၉၉-၂၀၀၀)အရ ဒေါ်သင်းသင်းအေး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဖခင် ဦးကိုကြီးနှင့် မိခင် ဒေါ်သင်းသင်းအေးတို့ ကွယ်လွန်ပြီးနောက်တွင် ၎င်းတို့၏ သားသမီးရင်းခြာများဖြစ်သော ၁။ ဒေါ်ထိုက်ထိုက်စိုး ၁၂/သလန(နိုင်) ၀၀၂၅၇၁၊ ၂။ ဦးသန်းထိုက်ကို ၁၂/သလန(နိုင်)၀၀၉၀၃၉၊ ၃။ ဒေါ်မေစန္ဒာအေး ၁၂/သလန(နိုင်) ၀၈၅၃၇၆ တို့က မိဘများ ကျန်ရစ်သည့်အမွေကို အမွေဆက်ခံပိုင်ဆိုင်ကြောင်း မွေ့ကိုဟကြေညာစာချုပ် ချုပ်ဆိုမှတ်ပုံတင်ခြင်း ၊ မြေပုံမြေရာဇဝင် ရေးကူးခြင်း၊ ရောင်းချခြင်း၊ စွန့်လွှတ်ခြင်း စသည့်တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ ပြုလုပ်ရန်ရှိသဖြင့် အခြားအမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ (သို့မဟုတ်) အကျိုးတစ်စုံတစ်ရာ သက်ဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်သည့် စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အဆိုပါကိစ္စများကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇာနည်(LL.B,D.B.L,D.I.P.L) (စဉ်-၁၄၆၆၈)**
**ဒေါ်အိအိမော်(ခ)အိသဥ္ဇာအောင်(LL.B,D.I.P.L) (စဉ်-၁၈၇၂၆)**

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့၊**
**ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

